# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၉၉) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လပြည့်၊ ၂၀-၆-၂၀၂၄ ၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၕ် ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသောအချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အထွေထွေ ဆွေးနွေးချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ၂ ရက်တာ ဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများကို သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



## ပြင်ဦးလွင်မြို့တွင် ရာသီဥတုနှင့် ကိုက်ညီသည့် ပြည်ပမှ ပန်းမျိုးစေ့များ အများဆုံးစိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ပြင်ဦးလွင် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် ပန်းမျိုးစိတ်နှင့် ပန်းအများဆုံး စိုက်ပျိုးထွက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ဒေသမျိုးရင်းများအပြင် ရာသီဥတုနှင့် ကိုက်ညီသည့် ပြည်ပမှ ပန်းမျိုးစိတ်များကို အများဆုံး စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တင်ပို့လျက်ရှိ**

ပြင်ဦးလွင်မှ ထွက်ရှိသော ပန်းများကို ဘုရားပန်း၊ အခမ်းအနားပွဲများ၊ အလှူပွဲများ၊ မင်္ဂလာအခမ်းအနားများ၊ ပန်းအလှဆင်ခြင်းနှင့် နေ့စဉ်ကဏ္ဍစုံ၌ အသုံးပြုကြလျက်ရှိရာ လိုအပ်သော အသုံးပြုမှုပေါ်မူတည်၍ ပန်းအမျိုးအစားနှင့် ဈေးနှုန်းကွဲပြားပြီး ဒေသမျိုးရင်းထက် နိုင်ငံခြားမျိုးများ အရောင်းအဝယ်ကောင်းလျက်ရှိကာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးသို့ အများဆုံး တင်ပို့လျက်ရှိသည်။ ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးခြံများနှင့် ပန်းဥယျာဉ်များက ဂျပန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ပန်းမျိုးစေ့နှင့် ပျိုးပင်များကို မှာယူစိုက်ပျိုးလေ့ရှိပြီး မျိုးစေ့ ၁၀၀ ရာခိုင်နှုန်းတွင် ၈၀ ရာခိုင်နှုန်း ရှင်သန်ပေါက်ရောက်လေ့ရှိသည်။ ပျိုးပင်များ စိုက်ပျိုးရာ၌ ထိုနိုင်ငံမှ မြေဆီကို သုံးစွဲရလေ့ရှိပြီး နည်းပညာဖြည့်ဆည်းနိုင်ပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်၍ ယခုအခါ

စာမျက်နှာ ၄ သို့ ⌘

၂၀၂၄ ခုနှစ်၊ ဇွန် ၂၁ ရက်၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# လူငယ်လူရွယ် လူချွန်လူကောင်း

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် "လူကောင်းလူတော်" နှင့် "လူတော်လူကောင်း" ဟူ၍ နှစ်မျိုးနှစ်စားတွေ့ရမည်ဖြစ်သည်။

လူတိုင်းတွင် အစစအရာရာ ထူးချွန်ထက်မြက်လျက် လူတော်တစ်ယောက်ဖြစ်ရန် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

လူကောင်းဖြစ်ရန်အတွက် စိတ်ကောင်းကို အခြေခံပြီး မေတ္တာတရားကို လက်ကိုင်ထားရမည်လည်းဖြစ်သည်။

လူတော်လူကောင်းဖြစ်ရန် ဦးစွာ ပြုစုပျိုးထောင်ရမည့်သူများမှာ မိဘများဖြစ်ကြသည်။ "မကောင်းမေတ္တာကောင်းရာညွှန်လတ်" ဟူသည့်အတိုင်း လက်ဦးဆရာများပီပီ ကောင်းမှုနှင့် မကောင်းမှုတို့ကို ခွဲခြားပြရန် အရေးကြီးသည်။ မိဘများလက်မှ လွတ်သောအခါ ပြုပြင်ရာနေရာများမှာ စာသင်ကျောင်းများဖြစ်သည်။ ကျောင်းတက်စဉ်စာကို ကောင်းစွာသင်ကြားတတ်မြောက်မှသာ လူကောင်းလူတော်ဖြစ်နိုင်မည်။ စာသင်ကျောင်းများတွင်လည်း "တပည့် မကောင်း၊ ဆရာ့ခေါင်း" ဆိုသည့်အတိုင်း တပည့်ကောင်းများဖြစ်ရေးသည် ဆရာများ၏ တာဝန်သာဖြစ်သည်။

"အတတ်လည်းသင် ပုံပြင်ဆုံးမ သိပ္ပမချန်" ဟူသည့်အတိုင်း တပည့်များကို ထူးချွန်ကောင်းမွန်သောသူများဖြစ်ရန်မှာ ဆရာများ၏ တာဝန်ဖြစ်သည်။

ထို့အပြင် ဂရိအတွေးအခေါ်ရှင် သုခမိန်ပလေတိုက "လူဖြစ်သည် ဆိုရုံမျှနှင့် မြတ်နိုးစရာမဟုတ်သေး လူကောင်းဖြစ်ရခြင်းသည်သာ မြတ်နိုးစရာအတိဖြစ်သည်" ဟု ဆိုခဲ့ဖူးသည်။ လူငယ်လူရွယ်တိုင်း ပညာကောင်းစွာသင်ကြားရေး၊ ပညာကို ကြိုးစားပမ်းစားသင်ယူရေးသည် "လူကောင်းလူတော်ဖြစ်ရေးအတွက် အချက်အခြာအကျဆုံး" ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော ဆောင်ပုဒ်နှင့်အညီ စည်းကမ်းကောင်းမွန်လိုက်နာသော ပညာတတ်များပေါ်ထွက်လာရန်မှာ စာသင်ကျောင်းများက အစပြုရမှာဖြစ်သည်။

တစ်ဖန် ဆရာဇော်ဂျီကလည်း "သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည် အခြေတိုးမြှင့် ကျန်ကောင်းသင့်၏၊ သင်ဦးချရာ စေတီသာနှင့်သစ္စာအရောင် ဉာဏ်တန်ဆောင်သည် ပြောင်လျက်ဝင်းလျက်ကျစေသတည်း" ဟူ၍ အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်သော လူကောင်းလူတော်များဖြစ်ရန် တိုင်းပြည်သားကောင်းများဖြစ်ရန် လမ်းညွှန်ပေးခဲ့သည်။ တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်လူရွယ်များ လူချွန်လူကောင်းများဖြစ်လျက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတည်းဟူသော ဗလငါးတန်ကို ဖြည့်ဆည်းတည်ဆောက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ချီတက်ရမည်ဖြစ်သည်။ ထို့အပြင် လူကောင်းလူတော်များသည် အသိပညာ၊ အတတ်ပညာတို့ကို တန်ဖိုးထားကြသည်။ ပညာတန်ဖိုးထားသော လူ့အဖွဲ့အစည်းတွင် လောကီပညာအလျောက် လောကုတ္တရာပညာသည်လည်း လောကုတ္တရာပညာအလျောက် အသုံးဝင်ချည်းဖြစ်သည်။

သို့ဖြစ်ရာ လူငယ် လူရွယ်များအနေဖြင့် လူချွန်လူကောင်းများဖြစ်လာစေရန်အတွက် ပညာဆီမီးရောင် ပညာတန်ဆောင်အရောင်ဖြင့် လူမှုဘဝမြောက်မြားစွာကို ထွန်းလင်းထင်ရှားအောင် အသိပညာ၊ အတတ်ပညာတို့ကို ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတွင် စာရေးဆရာများကိုယ်တိုင် အမှတ်တရလက်မှတ်ထိုး စာအုပ်မိတ်ဆက်ပွဲများ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တွင် စာရေးဆရာများကိုယ်တိုင် အမှတ်တရလက်မှတ်ထိုးရောင်းချသည့် စာအုပ်မိတ်ဆက်ပွဲများ ခေတ်စားလာသည်ကို စာအုပ်ထုတ်ဝေသူ တစ်ဦးထံက သိရသည်။ ထိုသို့ အမှတ်တရစာအုပ် မိတ်ဆက်ရာတွင် ယနေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၈၀၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြားရှိ မန်းရတနာကဖေးတွင် စာရေးဆရာချစ်စရာက သူ၏ တတိယအကြိမ်ထုတ် "ကျွန်တော် သိမီသော လူရှင်တော်ကြီးများ၊ ကျွန်တော်နှင့်ခေတ်ပြိုင် လူရှင်တော်များ" စာအုပ်ကို အမှတ်တရလက်မှတ်ထိုး မိတ်ဆက်ပွဲ ကျင်းပပြုလုပ်သည်။

အလားတူ ဇွန် ၁၆ ရက် နံနက်ပိုင်းကလည်း အမှတ်တရလက်မှတ်ထိုး စာအုပ်ရောင်းချပွဲကို ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ စိတ်ကူးချိုချိုစာအုပ်ဆိုင်တွင် ကျင်းပပြုလုပ်ကြောင်း ကဗျာဆရာတစ်ဦးထံက သိရသည်။



အဆိုပါ ရောင်းချပွဲတွင် စာရေးဆရာများဖြစ်ကြသော ဆရာ ချစ်စရာ၊ ဆရာဂျိုဇော်၊ ဆရာ စိုးဘားဒိုင်၊ ဆရာညိုထွန်းလူ၊ ဆရာဆူးငှက်၊ ဆရာရဲသျှမ်း၊ ဆရာသင့်နော်တို့က ၎င်းတို့ စုပေါင်းရေးသားသော "ပွဲကြိုက်သူတွေ" စာအုပ်ကို အမှတ်တရလက်မှတ်ထိုး ဖြန့်ချိမိတ်ဆက်ရောင်းချကြောင်း သိရသည်။

(အပေါ်ပုံ)(PNT)

## ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အမရဋ္ဌာနီ အနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂ လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၇ လမ်းနှင့် ၇၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူခြင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နုံးနှင့် ဒိုက်များကို PC-200 ဘက်ဟိုးစက် အသုံးပြု၍ ၂၃ လမ်းနှင့် ၂၄ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် အနိမ့်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁ လမ်း ချမ်းမြေ့အောင်လမ်းတောင်ဘက်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း ၆၀ နှင့် ၆၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဒေးဝန်းအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း ၉၀ အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၁ လမ်းနှင့် ၃၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း ၃၀ တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၇၅ လမ်းနှင့် ၇၆ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄ လမ်းနှင့် ၂၈ လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၂၉ လမ်းနှင့် ၃၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၅၉ လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို PC-200 ဘက်ဟိုးစက်အသုံးပြု၍ ၄၂ လမ်းနှင့် ၄၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၃၅ လမ်း တောင်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက် အသုံးပြု၍ ၆၁ လမ်းနှင့် ၆၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၄၆ လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi-70 ဘက်ဟိုးစက်အသုံးပြု၍ ၁၁၄C လမ်းနှင့် ၁၁၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် နဒီမြောင်းအတွင်းမှ ဒိုက်နှင့် နုံးများကို Longarm စက်အသုံးပြု၍ ၁၁၂A လမ်းနှင့် ၁၁၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၅၇ လမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၃၁ လမ်းနှင့် ၁၃၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၆၄ လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၃၄ လမ်းနှင့် ၁၃၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၄ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၄ လမ်းနှင့် ၁၃၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၂၀

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၄ ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်၊ ၆ ရက် (သောကြာ၊ စနေနေ့)တို့တွင် သတ္တရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် (တနင်္ဂနွေနေ့) အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် **"1111"** အသုံးပြု၍ SMS မှ တစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် **"အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme - PFP)"** ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ **PFP** အစီအစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် **Short Code** နံပါတ် **"1111"**မှတစ်ဆင့် **SMS** ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် **SMS** များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ဇနီး မိသားစုက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် အလှူငွေများ လှူဒါန်း

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့်ဇနီး မိသားစုက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် အလှူငွေများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အုပ်ချုပ်မှုဆောင်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်လက်ခံသည်။

လှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး မိသားစုက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၄)ကျင်းပ

နေပြည်တော် ဇွန် ၂၀



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ နှစ်ပတ်လည် အစည်းအဝေး (၂၀၂၄) ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်နှင့် နေပြည်တော်မှ ဗဟိုကောင်စီဝင်များ၊ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က အစည်းအဝေးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပုံမှန်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဒို့တာဝန် အရေးသုံးပါးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး တန်းတူ ပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ထောက်ပံ့ရေးအပိုင်းတွင် ပုံမှန်ထောက်ပံ့မှုများအပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အသက် ၈၀ နှစ်ပြည့်နှင့်အထက် အဖွဲ့ဝင် ၄၈၂၃ ဦးကို တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ အသက် ၉၀ နှစ်နှင့်အထက်အဖွဲ့ဝင် ၄၁၈ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း၊ အသက် ၁၀၀ နှစ်နှင့်အထက် အဖွဲ့ဝင် ၁၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းငါးသောင်း နှုန်းဖြင့် တိုးမြှင့် ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဗဟိုကောင်စီဝင်များက မိမိတို့၏ ဆောင်ရွက်ချက်များ၊ ဆွေးနွေးတင်ပြလိုသည့် အချက်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း သုံးသပ်တင်ပြပေးရန် မှာကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် ကာလအတွက် ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာ အနှစ်ချုပ်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်ရုံး ဖွဲ့စည်းပုံပြင်ဆင်ခြင်းများကို ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးက လည်းကောင်း၊ လုပ်ငန်းအဖွဲ့များအလိုက် တင်ပြချက်၊ သုံးသပ်ချက်များကို လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများက လည်းကောင်း ရှင်းလင်းတင်ပြပြီး ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို တင်ပြအတည်ပြုခြင်း ဆောင်ရွက်သည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့် ဗဟိုကောင်စီဝင် တပ်မတော် အရာရှိကြီးများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများအား Online စနစ်ဖြင့် ဖတ်ကြားတင်ပြခဲ့ရာ ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များတွင် လစ်လပ်တာဝန်နေရာများကို အစားထိုးခန့်အပ်ခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဗဟိုဌာနချုပ်ရုံးဖွဲ့စည်းပုံနှင့် ဘဏ္ဍာရေးအစီရင်ခံစာများအား အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

သတင်း-စာမျက်နှာ ၂၄



သတင်း-စာမျက်နှာ ၂၄







## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲများ ဆက်လက်ကျင်းပ



**မန္တလေး ဇွန် ၂၀**

၂၀၂၄ ခုနှစ်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကိုမန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် ယနေ့ညနေပိုင်းက ကျင်းပရာ ဗထူးကွင်း(ဃ)အုပ်စုပွဲတွင် မဟာအောင်မြေခရိုင်အသင်းက သပိတ်ကျင်းခရိုင်အသင်းကို ၂ ဂိုး၊ ဂိုးမရှိဖြင့် နိုင်ကာ ယမန်နေ့(ခ)အုပ်စုပွဲတွင်ကျောက်ဆည်ခရိုင်အသင်းက အမရပူရခရိုင်အသင်းကို ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အောင်မြေမန္တလာကွင်း (က)အုပ်စုပွဲတွင် အောင်မြေသာစံခရိုင်အသင်းက တံတားဦးခရိုင်အသင်းကို ဂိုးပြတ်ဖြင့် နိုင်ကာ ယမန်နေ့ (ဂ)အုပ်စုပွဲစဉ်တွင် ရမည်းသင်းခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို ၃ဂိုး၊ ၁ ဂိုးဖြင့်အနိုင်ရရှိကြောင်း သိ ရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲသို့ မန္တလေး တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ခရိုင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာများ၊ ဘောလုံးဒိုင်လူကြီးများ၊ ဖိတ်ကြားထားသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြကြောင်းနှင့် အဆိုပါအမျိုးသမီးဘောလုံးပြိုင်ပွဲ(က)အုပ်စုတွင် တံတားဦးခရိုင်၊ အောင်မြေသာစံခရိုင်နှင့် ညောင်ဦးခရိုင်အသင်း၊ အုပ်စု(ခ)တွင် မြင်းခြံခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် အမရပူရခရိုင်အသင်း၊အုပ်စု(ဂ)တွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အသင်း၊ (ဃ)အုပ်စုတွင် မဟာအောင်မြေခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်းတို့ အသီးသီးပါဝင်ကြပြီး ဇူလိုင် ၂ ရက်နေ့အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)



## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသူ၊ အကျဉ်းသားများနှင့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**မန္တလေး ဇွန် ၂၀**

အကျဉ်းဦးစီးဌာန၊ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသူ၊ အကျဉ်းသားများနှင့် အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်း မှစတင်၍ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘို(ရွှေကျင်)ရပ်ကွက်ရှိ အဆိုပါ အကျဉ်းထောင်တွင် ပြုလုပ်ကြသည်။

ထိုသို့ ကိုဗစ် ၁၉ ရောဂါကာကွယ်ရေး ထပ်ဆောင်းဆေးထိုးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းနှင့် သူနာပြု၊ သားဖွားဆရာမများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အကျဉ်းသူ၊ အကျဉ်းသားများနှင့် ဝန်ထမ်း စုစုပေါင်း(၆၄၈)ဦးကို ကာကွယ်ဆေးများထိုးနှံပေးကြရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သင်းသင်းနွယ်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ချောချောနိုင်နှင့် တာဝန်ရှိသူများ၊ မန္တလေးဗဟို အကျဉ်းထောင်မှ ဒုတိယညွှန်ကြားရေးမှူး တာဝန်ခံအရာရှိ ဦးသိန်းဇော်မောင်၊ ဒုတိယတာဝန်ခံအရာရှိ ဦးဇော်ထွန်း၊ ထောင်ဆေးရုံအုပ် ဒေါက်တာ မိုးဟိန်းနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မန္တလေးဗဟို အကျဉ်းထောင်တွင် အကျဉ်းသူ၊ အကျဉ်းသားများနှင့် ဝန်ထမ်းစုစုပေါင်း (၁၄၉၇)ဦး ရှိရာ ကျန်ရှိသူများကို ဇွန်လ ၂၁ ရက်နေ့တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၉၃)

## ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း)ပျံလွန်တော်မူသွားသည့် ကိစ္စနှင့် စပ်လျဉ်း၍ မန္တလေးမြို့ပေါ်ရှိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အကျိုးတော်ဆောင်ချုပ်နှင့် ဆရာတော်ကြီးများထံသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်၍ ဩဝါဒများခံယူ

**မန္တလေး ဇွန် ၂၀**

၂၀၂၄ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့နှင့် ကမ္မရွာကြား၌ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း)နှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံဆရာတော်ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ဆရာတော်များသည် တံတားဦး လေဆိပ်လမ်းမှတစ်ဆင့် ငါန်းဇွန်းမြို့နယ်၊ ကမ္မရွာသို့ ထွက်လာစဉ် ပစ်ခတ်ခံရကြောင်း၊ ယင်းသို့ ပစ်ခတ်ခံရမှုကြောင့် ဝင်းနိမ္မိတာရုံဆရာတော်မှာ ပျံလွန်တော်မူခဲ့ပြီး ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော်မှာ ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲရပါကြောင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အကျိုးတော်ဆောင်ချုပ်၊ မဟာအောင်မြေမြို့နယ်၊ ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လအမှူးပြုသော ဆရာတော်ကြီးများ သီတင်းသုံးရာကျောင်းတိုက်များသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က ယနေ့ညနေပိုင်းတွင် သွားရောက် လျှောက်ထားပြီး ဆရာတော်ကြီးများထံက ဩဝါဒများခံယူခဲ့သည်။

ထိုသို့ သွားရောက်လျှောက်ထားရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါပြီး မဟာအောင်မြေမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အကျိုးတော်ဆောင်ချုပ်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် အဝေရာရာမရန်ကင်းကျောင်းဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ ဆရာတော်များထံသို့လည်းကောင်း၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ)ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ထံသို့လည်းကောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဘဒ္ဒန္တဝဏ္ဏိတာ လင်္ကာရာဘိဝံသ ဆရာတော်ထံသို့လည်းကောင်း သွားရောက်ဖူးမြော်ပြီး အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဝမ်းနည်းကြေကွဲရပါကြောင်း လျှောက်ထားကာ ဆရာတော်ကြီးများထံက ဩဝါဒများခံယူပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးရိုးမွန်က လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပြောကြားရာတွင် မူးယစ်ဆေးဝါးသည်လူသားတွေကို ကောင်းကျိုးမပေးဘဲ လူဦးနှောက်တွေကို မူးယစ်ထုံမှိုင်းစေသောကြောင့် စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ ကျောင်းနေအရွယ်မှာပညာကိုသာ ဦးစားပေး သင်ယူလေ့လာသင့်ကြောင်း ဟောပြောခဲ့သည်။

ထို့နောက် စာရေးဆရာ ဒေါ်နုနုကြည်(အမေ့အိမ်)က လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်သည့်အချိန်မှာ စာပေတွေကိုလေ့လာစေလိုကြောင်း၊ စာကိုကြိုးစားသင်ယူသင့်ကြောင်း၊ ပညာတတ်မြောက်မှသာ အမှားအမှန် ဝေဖန်နိုင်မည်ဖြစ်ကြောင်း စသည့်စာပေနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားမှူး ဦးရိုးမွန်က အားကစားပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကိုလည်းကောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးမှ လက်ခံရယူခဲ့သည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(အောင်ဇော်မင်း)**





## ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**ကျောက်ဆည် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ခရိုင်ပြည်သူ့စာကြည့်တိုက်လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ နံနက် ၁၀ နာရီက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခြေခံစာကြည့်တိုက် သင်တန်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက်အမျိုးအစားများအကြောင်းနှင့် ပြည်သူ့စာကြည့်တိုက်စီမံခန့်ခွဲရေး လုပ်ငန်းဖြစ်သည့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှုစနစ်၊ စာငှားလုပ်ငန်း၊ စာကြည့်တိုက်ပုံမှန်စစ်ဆေးခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း မြှင့်တင်ရေးဆောက်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်အောင်မြင်ရေး ပြုပြင်ဆောင်ရွက်ရန်အချက်များအကြောင်း ရှင်းလင်းသင်ကြားခဲ့ပြီး ဦးစီးအရာရှိဒေါ်ခင်နှင်းရီက ပြည်သူ့စာကြည့်တိုက်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အဓိပ္ပာယ်၊ စာကြည့်တိုက်ပညာနှင့် ထူးခြားသည့်ဝိသေသနများအကြောင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ကျောက်ဆည်ခရိုင်ရုံးနှင့် ခရိုင်ကြီးကြပ်မှုအောက်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ စာကြည့်တိုက်လက်ထောက်(၃)၊ ရုပ်သံကျွမ်းကျင်(၃)၊ အငယ်တန်းစာရေးများ တက်ရောက်ခဲ့ပြီး သင်တန်းအား ဇွန် ၂၀ ရက်မှ ၂၁ ရက်နေ့အထိ ၂ ရက်ကြာ စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တော်စည်ပင်ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး(Pfizer)ထိုးနှံ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်း(၅၈၁၂) ဦးတို့အား (၂၀၂၄-၂၀၂၅) ခုနှစ်၊ ကိုဗစ်-၁၉ ကာကွယ်ဆေး (Pfizer) ထိုးနှံခြင်း လုပ်ငန်းအစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ယနေ့ နံနက် ၉ နာရီမှ စ၍ မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် စီမံရေးရာဌာန ဌာနမှူးတို့နှင့်အတူ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (Pfizer)ထိုးနှံခြင်းလုပ်ငန်းအား မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသီတာဝင်း၊ ဒေါက်တာနှင်းဇော်သိန်းတို့ ခေါင်းဆောင်သည့် ဆရာဝန်၊ ဆရာမများက အဖွဲ့(၁၀)ဖွဲ့ဖြင့် မြို့တော်စည်ပင်ဝန်ထမ်းများအား တစ်ပြိုင်တည်းထိုးနှံပေးကြရာ မြို့တော်စည်ပင်ကျန်းမာရေးဌာနခွဲ တာဝန်ခံ ဆရာဝန်နှင့်အဖွဲ့က လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြပြီး ယနေ့တွင် အရာထမ်း၊ အမှုထမ်း ဝန်ထမ်း (၂၅၀၀)ဦးတို့အား ထိုးနှံပေးနိုင်ခဲ့ကာ ကျန်ဝန်ထမ်းများအား ဇွန် ၂၁ ရက်နေ့တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



➤ စာမျက်နှာ ၂၄ မှ

နောက်ပိုင်းတွင် ဆားဘီးယားအသင်းကသာ ဆလိုဗေးနီးယားအသင်းဘက်သို့ ဆက်တိုက်ဆိုသလို ထိုးဖောက်မှုများပြုလုပ်နိုင်ခဲ့သော်လည်း နောက်ခံကစားသမားများ ကောင်းမွန်မှုနှင့်ဂိုးကံခေမှုများကြောင့် ချေပဂိုး ရရှိရန် ခက်ခဲနေခဲ့သည်။ ပွဲပြီးဆုံးခါနီး နာကျင်အချိန် ၉၅မိနစ်တွင်မှ အိုင်ဗန်လစ်၏ ဖန်တီးပေးပို့မှုကို ဂျိုဗစ်က လှလှပပ သွင်းယူကာ ဆားဘီးယားအသင်းအတွက် အဖိုးတန် ချေပဂိုး ရယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဆလိုဗေးနီးယားအသင်းနှင့် ဆားဘီးယားတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့၊ ဖရန့်ဖတ်ဘောလုံးကွင်းတွင် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဒိန်းမတ်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး ရမှတ် ၁မှတ်စီ ခွဲယူခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် အင်္ဂလန်အသင်းက ဒိန်းမတ်အသင်းဘက်ကို တောက်လျှောက် တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၁၈မိနစ်တွင် ဟယ်ရီကိန်းက အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ဒိန်းမတ်အသင်းလည်း ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးပြန်လည်ရရှိရေးအတွက် အားကုန်တိုက်စစ်ဖွင့်ကစားလာခဲ့သည်။ ပွဲချိန် ၃၄မိနစ်တွင် ဟျိုင်မန်း၏ ပင်နယ်တီဧရိယာအပြင်မှ ကန်သွင်းချက်သည် ဂိုးသမား ပစ်ဖို့ဒ်၏ ညာဘက်ထောင့်တိုင်အား ထိမှန်ကာ ဂိုးဝင်ခဲ့မှုကြောင့် ဒိန်းမတ်တို့ ချေပဂိုး ပြန်လည်ရရှိခဲ့သည်။ နောက်ပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးများထပ်မံသွင်း ယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် ဒိန်းမတ်နှင့် အင်္ဂလန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ထားသည်။

ဒုတိယပိုင်းတွင်လည်း နာမည်ကြီး အင်္ဂလန်အသင်းကသာ ပွဲကို စိုးမိုးနိုင်ခဲ့သော်လည်း မာကျောလှသည့် ဒိန်းမတ်ခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ နောက်ပိုင်းပွဲချိန်ကြာလာသည်နှင့်အမျှ နှစ်သင်းစလုံးထိရောက်သော ထိုးဖောက်မှုများ ပြုလုပ်နိုင်ခြင်းမရှိတော့ဘဲ ပွဲစဉ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ကမ္ဘာ့အဆင့် (၂၁)ရှိ ဒိန်းမတ်အသင်းသည် ကမ္ဘာ့အဆင့် (၅)ရှိ အင်္ဂလန်အသင်းအား တစ်ဖက်တစ်ဂိုးစီဖြင့် သရေတစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဂ)ပွဲစဉ် ၂ပွဲစီ ကစားအပြီးတွင် အင်္ဂလန်အသင်းက ရမှတ် ၄မှတ်၊ ဒိန်းမတ်အသင်းက ရမှတ် ၂မှတ်၊ ဆလိုဗေးနီးယားအသင်းက ရမှတ် ၂မှတ်၊ ဆားဘီးယားအသင်းက ရမှတ် ၁မှတ်စီ အသီးသီး ရရှိထားသည်။

**နိုင်ကမ္ဘာ**



တိုက်စစ်မှူး ဟယ်ရီကိန်း အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနေစဉ်။

## သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ



**ရေနံချောင်း ဇွန် ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ သစ်တပွေရပ်ကွက် လူစည်ကားရာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် သခင်ဖိုးလှကြီးလမ်းဆုံ၌ ကျင်းပသည်။

ရေးဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ လူထုအသိပညာပေး ဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးအေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဓဝံ)**

ထို့နောက် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ပြည်သူများ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်နိုင်ရေး လမ်းသွားလမ်းလာ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား စတေကာကပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၇၂)**

## မြန်မာယူ-၁၉ အသင်းက MNL Club ရတနာပုံအသင်းအား ၃ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့

ပဏာမလက်ရွေးစင်မြန်မာယူ-၁၉ အသင်းနှင့် MNL Club ရတနာပုံ အသင်းတို့သည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၉ အသင်းက ၃ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာမည့် ဇူလိုင်လအတွင်း ကျင်းပမည့် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ယူ-၁၉အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုလအစောပိုင်းက တရုတ်နိုင်ငံတွင် Joint Training သွားရောက်ခဲ့ပါသည်။ ပြီးခဲ့သည့်



ဇွန် ၁၅ ရက်တွင် MNL Club ပြိုင်ကစားခဲ့ပြီး ၄ ဂိုး၊ ၂ ဂိုးဖြင့် ဒဂုံစတားအသင်းနှင့် ခြေစမ်းပွဲယှဉ် အနိုင်ရရှိထားသည်။ **(NGB)**

| ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ် |
| --- |
| **စပိန် ၁ – ၀ အီတလီ**<br>**(စပိန်အသင်း ၁၆သင်းအဆင့် တက်ရောက်)** |






ပြည်ပက ရန်ပြုတိုက်ခိုက်လာလျှင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အားပေးကူညီရန် မြောက်ကိုရီးယားခရီးစဉ်၌ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည့် ရုရှားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့နှစ်ဦး ဇွန် ၁၉ ရက်က လက်ဆွဲနှုတ်ဆက်နေကြစဉ်။ **Mon**

## ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်သို့ ရုရှားသမ္မတ ဗလာဒီမာပူတင် ရောက်ရှိ

**ဟနွိုင်း ဇွန် ၂၀**

မြောက်ကိုရီးယားနိုင်ငံမှ အပြန်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင် ဇွန် ၂၀ ရက်က ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ဝင်ရောက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဧည့်သည်တော်ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဗီယက်နမ်သမ္မတ တိုလမ်က ဟနွိုင်းမြို့တော်၌ ကော်ဇောနီခင်းပြီး အထူးတလည်ခရီးဦးကြိုပြုကာ ဗီယက်နမ် သမ္မတအိမ်တော်သို့ သွားရောက်ခဲ့ကြသည်။



ယခုနှစ် ရုရှားရွေးကောက်ပွဲတွင် ရုရှားသမ္မတ ဗလာဒီမာပူတင် ထပ်မံအရွေးခံပြီး အနိုင်ရခဲ့ခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း ဗီယက်နမ်သမ္မတက ထုတ်ဖော်ပြောကြားသည်။

အဆိုပါခေါင်းဆောင်နှစ်ဦး ထိုအိမ်တော်၌ တွေ့ဆုံကာ ရုရှား-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ကြသည်။

ဗီယက်နမ်သည် ကွန်မြူနစ်ဝါဒကျင့်သုံးသော နိုင်ငံဖြစ်ရာ ဆိုဗီယက်ယူနီယံခေတ်ကတည်းက ရုရှားနှင့် သံတမန်ဆက်ဆံရေး အစဉ်အလာကြီးမားခဲ့ကြောင်း သိရသည်။ **Mon**

## ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေ ရာထူးမှ ရုတ်တရက် နုတ်ထွက်သွားပြီ



**မနီလာ ဇွန် ၂၀**

ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေ ဇွန် ၁၉ ရက်က ရာထူးမှ ရုတ်တရက်နုတ်ထွက်သွားပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတဟောင်း ရိုဒရီဂိုဒူတာတေ၏သမီးဖြစ်သူ ဆာရာ တင်သွင်းသော နုတ်ထွက်လွှာကို သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ လက်ခံခဲ့ကြောင်း သမ္မတဆက်ဆံရေးအတွင်းဝန် ချေလ္လိုင်ဂါရာဖီးလ်က ထုတ်ဖော်ပြောကြားသည်။

ဆာရာဒူတာတေအနေဖြင့် ဒုတိယသမ္မတအဖြစ်မှသာမက ငြင်းပွားတွဲတာဝန်ထမ်းဆောင်ခဲ့သော ပညာရေးဝန်ကြီး၊ သောင်းကျန်းမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌရာထူးများမှလည်း နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

၄င်း ရုတ်တရက်နုတ်ထွက်ရခြင်းအကြောင်းရင်းကို အတိအလင်းပြောကြားခြင်းမရှိသဖြင့် ပြည်တွင်း၊ ပြည်ပရှိ ဖိလစ်ပိုင်အရေး စောင့်ကြည့်လေ့လာသူများ ပဟေဠိဖြစ်နေကြသည်။

ဒူတာတေနှင့် မားကို့စ်မိသားစုနှစ်စုအကြား နိုင်ငံရေးနှင့် မူဝါဒဆိုင်ရာသဘောထားကွဲလွဲမှုများရှိသဖြင့် ဆာရာ နုတ်ထွက်ခဲ့ခြင်းဖြစ်နိုင်သည်ဟု အချို့က ထင်မြင်သုံးသပ်ကြသည်။

ဆာရာဒူတာတေအနေဖြင့် လာမည့် ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံရန် ရည်မှန်းထားဖွယ်ရှိလိမ့်မည်ဟု ဖိလစ်ပိုင်တက္ကသိုလ် နိုင်ငံရေးသိပ္ပံပါမောက္ခ ယန်းအင်စီနတ်စ်ဖရန့်ကိုက တွက်ချက်ခန့်မှန်းကြောင်း သိရသည်။ **Mon**

## အစ္စလာမ့်တော်လှန်ရေးတပ်ဖွဲ့အမည်ခံ အီရန်စစ်တပ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကနေဒါ သတ်မှတ်ကြေညာ



**အော့တဝါ ဇွန် ၂၀**

အစ္စလာမ့်တော်လှန်ရေးတပ်ဖွဲ့အမည်ခံ အီရန်စစ်တပ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကနေဒါအစိုးရက သတ်မှတ်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိုင်အာဂျီစီဟု အင်္ဂလိပ်လို အတိုကောက်ခေါ်ဝေါ်သော ယင်းအီရန်အစိုးရစစ်တပ်သည် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်လုပ်ရပ်များနှင့် ဆက်နွယ်ပတ်သက်နေသဖြင့် ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်ဟု ကနေဒါ လူထုဘေးကင်းလုံခြုံရေးဝန်ကြီး ဒေါမနစ်လီဘလန့်က ရှင်းလင်းပြောကြားသည်။

ယင်းကြေညာချက်ကြောင့် အိုင်အာဂျီစီတွင် တာဝန်ထမ်းဆောင်နေသူအားလုံးကို ကနေဒါနိုင်ငံသို့ လာရောက်ခွင့် ပိတ်ပင်ခံရမည်ဖြစ်သည်။

အဆိုပါ အီရန်အစိုးရစစ်တပ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာခြင်းကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရသူက အတိအလင်း ကန့်ကွက်ရှုတ်ချခဲ့သည်။

အိုင်အာဂျီစီကို ကြည်း၊ ရေ၊ လေတပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားရာ စစ်သည်အင်အားစုစုပေါင်း ၁၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **Mon**

## စာသင်ခန်းတိုင်းတွင် ပညတ်တော်(၁၀)ပါးထားရှိရန် လူဝီစီယားနားပြည်နယ်၌ ဥပဒေပြဋ္ဌာန်းလိုက်ပြီဟု ဆို

**ဝါရှင်တန် ဇွန် ၂၀**

အစိုးရကျောင်းများရှိ စာသင်ခန်းတိုင်းတွင် ပညတ်တော်(၁၀)ပါးထားရှိရန် အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ်၌ ဥပဒေပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရီပတ်ဘလီကန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျက်ဖ်လန်ဒရီက ဇွန် ၁၉ ရက်တွင် လက်မှတ်ရေးထိုးအတည်ပြုလိုက်သဖြင့် ခရစ်ယာန်ဘာသာကိုးကွယ်ယုံကြည်မှု၏ အခြေခံဖြစ်သည့် ပညတ်တော်(၁၀)ပါးပိုစတာကို မြင်သာသောနေရာတွင် ကပ်ထားရမည်ဟု ဆိုသည်။

ပြဋ္ဌာန်းလိုက်သော အဆိုပါဥပဒေသည် ဘာသာရေးလွတ်လပ်ခွင့်ကို ဖောက်ဖျက်ရာရောက်နေသည်ဟု ပြည်နယ်အခြေပြု အရပ်ဘက်လွတ်လပ်ခွင့် လှုပ်ရှားမှုအဖွဲ့အစည်း(၄)ခုက ဝေဖန်ထောက်ပြထားကြောင်း သိရသည်။ **Mon**



## ဥရောပသမဂ္ဂမှ တင်သွင်းသောကားများအပေါ် တရုတ်အစိုးရက အခွန် ၂၅ ရာခိုင်နှုန်း ကောက်မည်

**ပေကျင်း ဇွန် ၂၀**

ဥရောပသမဂ္ဂမှ တင်သွင်းသော ဓာတ်ဆီအင်ဂျင်ကားများအပေါ် တရုတ်အစိုးရက အခွန် ၂၅ ရာခိုင်နှုန်းကောက်ယူသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပေကျင်းမြို့တော်၌ ကြီးမှူးကျင်းပသော တံခါးပိတ်အစည်းအဝေးတွင် တရုတ်အခြေစိုက် ကားထုတ်လုပ်ရေးကုမ္ပဏီများ၏ တောင်းဆိုချက်အရ ဥရောပနိုင်ငံထုတ်ကားများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။



အဆိုပါ တံခါးပိတ်အစည်းအဝေးသို့ တရုတ်အခြေစိုက် ဥရောပကားကုမ္ပဏီရုံးခွဲအသီးသီးမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **Mon**

## အစ္စရေး-လက်ဘနွန်နယ်စပ်ဒေသများတွင် တိုက်ပွဲပြင်းထန်ကာ စစ်ဘေးရှောင်သူများလာ

**ဂျေရုဆလင် ဇွန် ၂၀**

အစ္စရေး-လက်ဘနွန် နယ်စပ်ဒေသများတွင် ယခုလအတွင်း တိုက်ပွဲပြင်းထန်ကာ စစ်ဘေးရှောင်သူများလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အစ္စရေးလေယာဉ်များက လက်ဘနွန်ဘက်ခြမ်းရှိ ဟစ်ဇဘိုလာပြောက်ကျားများ၏ ပစ်မှတ်များကို ရက်အနည်းငယ်အတွင်းက ဆက်တိုက်ဗုံးကြဲတိုက်ခိုက်ရာမှ လက်ဘနွန်နိုင်ငံသားများ ဘေးလွတ်ရာရှောင်တိမ်းခဲ့ကြရသည်။

ခီယမ်ဟု အမည်ရသော ကျေးရွာပတ်ဝန်းကျင်တွင် ဟစ်ဇဘိုလာတို့ဘက်ကလည်း တုံ့ပြန်တိုက်ခိုက်ရာမှ တိုက်ပွဲများပြင်းထန်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊မြို့သစ်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့နည်းစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများ ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ဂနာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်သူအများ ဝိုင်းဝန်းကူညီကာ ပူးပေါင်းလိုက်ပါဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံတစ်ဦးထံက သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံပြိုကျ၍ လူနေအိမ်ခန်းတစ်ခန်း နံရံပြိုကျမှု ဖြစ်ပွား

**မိုးကုတ် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တွင် ဇွန် ၁၈ရက်ရက် မွန်းလွဲ ၂နာရီခွဲက မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် မင်းတံတားရပ်ကွက်၊ နယ်မြေ(၆)ရှိ သွပ်မိုး၊ နံရံကပ် (၂၅×၂၀)ပေ (၁)ထပ် အဆောက်အအုံတွင် တောင်ကမ်းပါးယံမြေသား ပြိုကျ၍ လူနေအိမ်ခန်း တစ်ခန်း နံရံပြိုကျခဲ့သည်။

မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံ ပြိုကျသည့်နေရာသို့ မိုးကုတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ တောင်ကမ်းပါးယံပြိုကျမှုကြောင့် သွပ်မိုး၊ နံရံကပ်(၁)ထပ် အဆောက်အအုံ၏ လူနေအိမ်ခန်း နံရံ(၁၀×၁၃)ပေ ပြိုကျပျက်စီးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မသင်္ကာ၍စစ်ဆေး အပ်ချုပ်စက် ခိုးယူလာသူနှစ်ဦး ဖမ်းမိ

**ဖားကန့် ဇွန် ၂၀**

ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် ဇွန် ၁၉ ရက်က နယ်မြေခံရဲတပ်ဖွဲ့ဝင်များက လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အပ်ချုပ်စက်ခိုးယူလာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ရက် ညနေ ၅နာရီက ဖားကန့်မြို့မ ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်စည်သူမောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် နောင်ခိုရပ်ကွက်အတွင်းမှ နောင်ခိုလမ်းဆုံဘက်သို့ Golden စာတမ်းပါ အနက်ရောင်ကင်းချီအပ်ချုပ်စက်တစ်လုံးအားထမ်းလာသူ မြင့်ကျော်(၁၉နှစ်)နှင့် ဖုန်းခန့်သူ(၁၉နှစ်)တို့ နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးရာ ၎င်းတို့ထမ်းယူလာသည့် ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်း မရှိဘဲ နေအိမ်အဆောက်အအုံတစ်ခုခုအတွင်းမှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ထိုနှစ်ဦးအား ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။ (ငငင)

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ဇွန် ၁၇ရက်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Sponsor အချိုရည် ၉၆၀၀ ဘူးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Light Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ဇွန် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် PlasticResin ၂၄၇၅၀ ကီလိုဂရမ်၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၆လုံး အတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် စားအုန်းဆီ ၁၈လီတာပါ ၁၃၁၅ပုံးနှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Porcelain Tiles ၂၃၃၂ ဒသမ ၈ စတုရန်းမီတာ၊ အင်ဒိုနီးရှားနိုင်ငံထုတ် TOA Speaker ၂လုံး အပါအဝင် ကုန်ပစ္စည်း ၄မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)










## မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ကျိုင်းတုံ ဇွန် ၂၀**

၂၀၂၄ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျိုင်းတုံမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်မှူးတင်ထွန်းဦးက အမှာစကား ပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အဖွဲ့ဝင် ဦးဇေယျာစိုးဦး၊ ဦးစိုင်းပန်းလှတို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက် ဆုံးရှုံးမှုများအကြောင်း၊ မူးယစ်ဆေးဝါးပြစ်မှုများ ကျူးလွန်ပါက ချမှတ်ခြင်းခံရမည့် ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုက်နာသင့်သည့် အချက်များ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အကြောင်းအရာများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ကျောင်းသား၊ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့သည်။ (အပေါ်ပုံ)

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လူငယ်၏ ခွန်အား

လူငယ်တွေတိုးတက်ဖို့ ဗလငါးတန်နှင့်ပြည့်စုံရန် ပြုစုပျိုးထောင်လျက်ရှိကြောင်း အနာဂတ်၏ ကြယ်ပွင့်များမှာ သည်ကနေ့ခေတ်လူငယ်များဖြစ်ကြောင်းကိုတော့ လူငယ်တွေသတိပြုရပေမည်။

လူငယ်တို့တွင် အချို့က အလုပ်ခွင်၊ တက္ကသိုလ်၊ အခြေခံပညာကျောင်းများစသည့် အမျိုးမျိုးစရိုက်စုံစွာ တွေ့မြင်နိုင်သည်။

ဘဝ၏တက်လမ်းရှာနေသောလူငယ်သည် အချိန်ကို မဖြုန်းဘဲ ယီးတီးယားတားစိတ်ကို မလိုလား၊ အချိန်ကို သုံးပြီးလျှင် အမြဲမပြတ် လေ့လာသင်ယူလိုစိတ်၊ ကြိုးစားလိုစိတ်ရှိရပေမည်။

ဘဝ၏တစ်သက်တာလူငယ်မှာ ဗလငါးတန်ပြည့်စုံသည်နှင့် လူငယ်၏ခွန်အားပြည့်ဝအောင်မြင်၍ တန်ဖိုးရှိသော လူငယ်ဖြစ်လာ၏။ ဗလဟူသည် ခွန်အားဖြစ်ပါ၏။

မိဘတိုင်းက သားသမီးလူငယ်တို့ကို လူငယ်၏ ဗလ၊ လူငယ်၏ ခွန်အားနှင့်ပြည့်စုံဖို့ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ လူငယ်၏ ဗလ၊ လူငယ်၏ခွန်အားတွင် (၁) ကာယဗလ၊ (၂) ဘောဂဗလ၊ (၃) စာရိတ္တဗလ၊ (၄) မိတ္တဗလ၊ (၅) ဉာဏဗလဟူ၍ ဗလငါးတန် ခွန်အားငါးပါးနှင့်ပြည့်စုံရန် လူငယ်တိုင်းက ဘဝတစ်သက်တာ လေ့လာ၊ လေ့ကျင့်၊ လိုက်နာရပါမည်။

**(၁) လူငယ်နှင့်ကာယဗလ**

နေ့စဉ် မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာ၊ ထိုနေရာ၊ ဤနေရာ လူငယ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုးကို တွေ့မြင်နိုင်သည်။

လူငယ်သည် မွေးဖွားလာကတည်းက လူငယ်၏ကာယ၊ လူငယ်၏ ရုပ်ခန္ဓာပြည့်စုံစွာ ယေဘုယျအားဖြင့် မွေးဖွားလာပါ၏။ ဦးခေါင်း၊ ပခုံး၊ တံတောင်ဆစ်၊ လက်မောင်း၊ ရင်ဘတ်၊ တင်ပါး၊ ဒူး၊ ခြေသလုံး၊ ခြေဖမိုး၊ လက်ဖဝါး၊ လက်ဖမိုး၊ လက်ချောင်းကလေးများ၊ ခြေချောင်းကလေးများ၊ မျက်စိ။

ထိုအချင်းအရာတို့မှာ လူငယ်တစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကာယနှင့်ပြည့်စုံခြင်းပင်ဖြစ်၏။

နေရာအသီးသီးရှိ လူငယ်များ၏ အင်္ဂါခြေလက်ကိုယ်ကာယနှင့် ပြည့်စုံသည်တွင် ထိုကိုယ်ကာယ၏ ခွန်အားကာယဗလနှင့် ပြည့်စုံရန် လူငယ်သည် သတိမူရပေမည်။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ။ လောကလူသားတို့သည် အာဟာရမျှတစွာ စားသုံးပေးခြင်းဖြင့် အသက်ရှင်သန်ရပ်တည်လျက် နိစ္စဓူဝ သွားလာနေထိုင်ရင်း၊ ကြီးပြင်းလာကြပါ၏။

ဘဝတိုက်ပွဲ ဆင်နွှဲရည်မှန်းချက်ပန်းတိုင်ထားရှိသော လူငယ်အဖို့ စားသုံးရန် အသက်မရှင်သန်မှု၍ အသက်ရှင်သန်ရန်အလို့ငှာ သင့်တင့်မျှတသော အာဟာရကို စားသုံးရမည်ဖြစ်ပါ၏။

ဘဝတစ်သက်တာလူငယ်မှာ ကိုယ်ကာယ၏ ခွန်အားဟူသော ကာယဗလနှင့် ဖွံ့ဖြိုးရန်အတွက် အစားကြူးခြင်း၊ အသောက်ကြူးခြင်း၊ ကာမရာဂကြူးခြင်း၊ မပြုမူ၍ အသက်ရှည်စွာ ကိုယ်စိတ်ကျန်းမာပြီး ဘဝ၏ ချမ်းသာသုခကို ပိုင်ဆိုင်နိုင်ပါ၏။

လူငယ်၏ ခွန်အားတို့တွင် ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကာယ၏ ခွန်အားဟူသော ကာယဗလဖွံ့ဖြိုးရန် နေ့စဉ်လမ်းလျှောက်ခြင်း အလုပ်မှာ လွယ်ကူသော အားကစား ငွေအကုန်အကျမရှိသော နည်းလမ်းကောင်းဖြစ်သည်။

လူငယ်တိုင်း၏ ခြေနှစ်ချောင်းမှာ ကျန်းမာရေးအတွက် ဆေးကုသပေးနေသော ဆရာဝန်နှစ်ယောက်ဖြစ်ကြောင်း သိကြပြီးဖြစ်ပေလိမ့်မည်။

လမ်းလျှောက်သော လူငယ်အဖို့ မျက်စိအမြင်ကြည်လင်စွာဖြင့် ကြည့်တတ်၊ မြင်တတ်၍ စိတ်ဖိအားလျော့ပါးလာပြီး လူငယ်၏ ကာယ ခွန်အားသန်စွမ်းနိုင်ပါသည်။

**၂။ လူငယ်နှင့်ဘောဂဗလ**

အချိန်သည် ဘဝ။ ဘဝသည် အချိန်ဟု သတ်မှတ်ထားကြပါ၏။

မနေ့က အိပ်မက်၊ ဒီနေ့- ဘဝ၊ မနက်ဖြန် စိတ်ကူးယဉ်ဟု စာဖတ်ရာမှ သိလာ၏။

တကယ်တော့ လူငယ်၏ ဘဝဟူသည် ဒီနေ့အချိန်ကာလ တစ်နေ့တာ ဖြတ်သန်းခြင်းပင်ဖြစ်သည်။

လူငယ်၏ တစ်သက်တာ အသက်ရှင်သန်ဖို့၊ ပညာသင်ယူဖို့၊ စားသုံးဖို့၊ ဝတ်ဆင်ဖို့၊ ကိုယ်ကာယ ကျန်းမာဖို့၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့ စသည်အတွက် လူငယ်၏ ငွေကြေးဓနခွန်အားဟူသော ဘောဂဗလ ဖွံ့ဖြိုးမှုလည်း သတိမူရပေမည်။

မြတ်စွာဘုရားသည် လောကလူသားတို့အား ငွေကြေးဓနနှင့် ပြည့်စုံဖို့ ၁။ ဥဋ္ဌာနသမ္ပဒါ-ထကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံရမည်။ ၂။ အာရက္ခသမ္ပဒါ-ငွေကြေးထိန်းသိမ်းတတ်ရမည်။ ၃။ သမဇီဝိတာ-ဝင်ငွေ၊ ထွက်ငွေ မျှတစွာ သုံးတတ်ရမည်။ ၄။ ကလျာဏမိတ္တ-မိတ်ဆွေကောင်းရှိရမည်ဟု မိန့်တော်မူ၏။

တန်ဖိုးကြီးမား၍ မြန်မာနိုင်ငံ၏ အင်အားဖြစ်သော လူငယ်တို့တွင် အချို့လူငယ်မှာ အရက်၊ မူးယစ်ဆေးဝါးစသည် စွဲသည်ကို စိတ်ဓာတ်နှင့်ချွတ်မှ လူငယ်တို့၏ဘဝ တည်မြဲရေးအတွက် တိုက်ပွဲနှင့်ချွတ်မှ ကျွတ်မည်ဖြစ်ကြောင်း လူငယ်တို့သည် နားလည်သဘောပေါက်လျက် လူငယ်၏ ငွေကြေးခွန်အား ဘောဂဗလဖွံ့ဖြိုးဖို့ တိကျသော စီမံမှုနှင့်အတူ ပြင်းပြသောဆန္ဒပါပေါင်း၍ လူငယ်၏ ဘဝချမ်းသာရေးအတွက် လူငယ်မှာ တာဝန်ရှိ၏။

**(၃) လူငယ်နှင့် စာရိတ္တဗလ**

ဘဝတစ်ခု၏အချိန်၊ နေ့ရက်များစွာ ဖြတ်သန်းရှင်သန်နေထိုင်သော လူငယ်တွေ၏ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် လူငယ်၏ ကိုယ်ကျင့်သီလခွန်အား၊ လူငယ်၏စာရိတ္တဗလဖွံ့ဖြိုးမှုတစ်ခုအတွက် လူငယ်သည် သတိပြုရပါမည်။

'စာရိတ်ကားဆောင်၊ ဝါရိတ်ရှောင် အခေါင်မြတ်သီလ'ဟု ဆိုရိုးပြုသတ်မှတ်ထားသည်ကို မှတ်သားနိုင်ပါ၏။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေ၏ အဆုံးအမတွေကို ရိုသေစွာလိုက်နာကျင့်သုံး နေထိုင်တတ်ခြင်းမှာ လူငယ်၏ စာရိတ္တဗလပင်ဖြစ်သည်။

သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ ငါးဖြာအာရုံ ကာမဂုဏ်ကို မကျူးလွန်ခြင်း၊ လိမ်ညာမပြောခြင်း၊ သေရည်အရက် မူးယစ်ဆေးဝါးမသုံးစွဲခြင်းတို့မှာ လူငယ်၏ ဝါရိတ္တဗလ သီလ၏ ခွန်အားဖြစ်ပါ၏။

ထိုအခြင်းအရာနှင့်ပြည့်စုံသော လူငယ်သည် ယနေ့ ပစ္စုပ္ပန်အချိန်၊ အနာဂတ်နေ့ရက်များအဖို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာခြင်း၊ ချမ်းသာခြင်းသုခနှင့် ဘဝ၏နေ့ရက်များစွာ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဝမ်းသာမှု၊ လောကကို ချစ်ခင်မြတ်နိုးမှု၊ လူသားချင်းသနား ငဲ့ညာမှု စသည့် ရှုမြင်ဆင်ခြင်တုံအသိတရားတွေ ရရှိပါမည်။

**၄။ လူငယ်နှင့် မိတ္တဗလ**

မင်္ဂလသုတ်ပရိတ်တရားတော်တွင် မြတ်စွာဘုရား ဤသို့ မိန့်ကြားတော်မူပါ၏။

အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ ဧတံမင်္ဂလ မုတ္တမံ

ဗာလာနံ-လူမိုက်တို့ကို ယာ အသေဝနာစ-အကြင်မပေါင်းသင်း မမှီဝဲခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ-ပညာရှိသူတော်ကောင်းတို့ကို ယာ သေဝနာစ၊ အကြင်ပေါင်းသင်းမှီဝဲခြင်းသည်လည်းကောင်း၊ အတ္တိရှိ၏။

ဧတံ- ထိုလူမိုက်တို့ကို မပေါင်းသင်းခြင်း၊ ပညာရှိသူတော်ကောင်းတွေကို ပေါင်းသင်းမှီဝဲခြင်းမှာ ရတ္တမံ ကောင်းမြတ်သော မင်္ဂလံ- မင်္ဂလာတရားတော်တည်း(ဝါ) ကြီးပွားတိုးတက်ကြောင်းတရားပေတည်း။

ဘဝခရီးလျှောက်လှမ်းရာတွင် လူငယ်သည် အရက်သေစာ မူးယစ်ဆေးဝါးမကောင်းမှု ဒုစရိုက်အလုပ်ကို မကြောက်မရွံ့ ပြုလုပ်လျက်ရှိသူ လူမိုက်တို့ကို မပေါင်းသင်းရှောင်ကြဉ်ခြင်းမှာ လူငယ်၏ မိတ္တဗလဖွံ့ဖြိုးမှု မင်္ဂလာတစ်ပါးဖြစ်၏ဟု မြတ်စွာဘုရားမိန့်ကြားတော်မူ၏။

ဘုရားသွား ကျောင်းတက်ခြင်း ဝါသနာ စိတ်ကောင်း၊ မိတ်ကောင်းတို့ကို ရွေးချယ်ပေါင်းသင်းတတ်သော လူငယ်မှာ မိတ္တဗလခွန်အားပင် ဖြစ်သည်။

**၅ ။ လူငယ်နှင့် ဉာဏဗလ**

ယနေ့ လူငယ်၊ နောင်ဝယ် လူကြီးဟု ပြောစမှတ်ပြုကြသည်တွင် နောင်တစ်ခေတ်၏ လူကြီးဖြစ်လာသော လူငယ်သည် ပထမအရွယ် ပညာရှာ၍ ကျောင်းပညာသင်ကြားခြင်း၊ စာပေဗဟုသုတဝတ္ထု၊ ကဗျာတို့၏ လူနေမှုအကြောင်းခြင်းရာများစွာ အသိဉာဏ်ခွန်အား ဉာဏဗလဖွံ့ဖြိုးမှုအတွက် စာအုပ်၊ စာပေလူ့မိတ်ဆွေ၏ ကောင်းကျိုးဖြစ်ထွန်းပုံကို သိရှိသည်နှင့် စာပေ၊ စာအုပ်များစွာ ဖတ်ရှုလေ့လာသင့်ပေသည်။

ဘဝခရီးလျှောက်လှမ်းလျက်ရှိသော လူငယ်တို့သည် စာသင်ကျောင်း တက္ကသိုလ်မှ သင်ကြားလိုက်သော သုတ၊ အကြားအမြင်၊ ဘဝတည်းဟူသော တက္ကသိုလ်မှ သင်ကြားသော အတတ်ပညာလူတွေစည်ကားလျက်ရှိသော လမ်းမကြီးပေါ်မှ မြင်၊ ကြား၊ မွေး၊ အရသာ၊ အတွေ့ အာရုံမျိုးစုံတို့၏ အသိပညာရယူလျှင် လူငယ်၏ ဉာဏဗလအသိဉာဏ် ခွန်အားဖွံ့ဖြိုးတိုးတက်လာနိုင်ပါ၏။

ထိုသို့ ရရှိလာသော သုတ၊ အကြားအမြင် ခွန်အားမှ မုတ-လက်တွေ့ကျင့်သုံးနိုင်မှု ခွန်အားဖြင့် လူငယ်တို့၏ ခွန်အားဖွံ့ဖြိုးမှု တိုးတက်မှုရှိလာ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ လပြည့်ဝန်းတွင် လင်းလက်သော ကြယ်တာရာတွေ ဝန်းရံသလိုမျိုး တိုးတက်ဖွံ့ဖြိုးလာနိုင်ဖွယ်ရှိပါ၏။

**မြတ်ထေရ်ကျော်**

## မန္တလေးတိုင်းဒေသကြီးခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ စားသောက်ကုန်များထောက်ပံ့၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ချီးမြှင့်

**မန္တလေး ဇွန် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊တိုင်းဒေသကြီး၊ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များတွေ့ဆုံပွဲ၊တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ချီးမြှင့်ခြင်းနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၉ရက် နံနက်ဗုန်ာရီခွဲက မဟာအောင်မြေမြို့နယ်၊ ၆၂လမ်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး၊မန္တလေးခရိုင်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ မြို့နယ်နှင့် ဗဟိုမီးသတ်စခန်း မီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်း အမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား စားသုံးဆီ၊ ကြက်ဥ၊ကြာဆံနှင့် ကြက်သွန်တစ်ပိဿာ စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သည့် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)



# နိုင်ငံတကာ အားကစား သတင်းများ

## ဗီကာယိုတိုမိုရီ အေစီမီလန်အသင်းတွင် ဆက်ရှိသွားမည်

**မီလန် ဇွန် ၂၀**

နောက်ခံကစားသမားဗီကာယိုတိုမိုရီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အေစီမီလန်အသင်းက အတည်ပြုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို နပယ်ကာဆယ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ဗီကာယိုတိုမိုရီသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၁၄၂ ပွဲကစားပြီး ၇ ဂိုးထိ သွင်းယူထားသည်။

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် "ဗီကာယိုတိုမိုရီ အသင်းမှာ ဆက်ရှိသွားမှာပါ။ သူ့အတွက် မည်သည့်ကမ်းလှမ်းမှု မျိုးကိုမဆို လက်ခံစဉ်းစားမှာ မဟုတ်ပါဘူး"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)** (NGB)




## ဘောလုံးသတင်း အတိုအထွာများ

* အာဆင်နယ်အသင်းသည် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အိုနာနာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုလော့နာအသင်း တိုက်စစ်မှူး ဂျိုရှုအာဇက်ဇီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

**(NGB)**

## 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Arthur Fils တက်ရောက်

**မြူးနစ် ဇွန် ၂၀**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Dominik Koepfer အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils နှင့် အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-က)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၆-၂၀၂၄ သောကြာနေ့ | မွန်းလွဲ ၂း၃၀နာရီ | လာအို - ဖိလစ်ပိုင် |
| ။ | ည ၇း၀၀နာရီ | အင်ဒိုနီးရှား - စင်ကာပူ |

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ

နိုင်ကမ္ဘာ

### အုပ်စု(င)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – ရိုမေးနီးယား ၃–၀ ယူကရိန်း ဘယ်လ်ဂျီယံ ၀–၁ ဆလိုဗက်ကီးယား

**ဆလိုဗက်ကီးယား – ယူကရိန်း**

ဇွန် ၂၁ ရက်၊ (သောကြာနေ့) ည ၇း၃၀ နာရီ

(ဒပ်ဆဲလ်ဒေါ့ဖ်ဘောလုံးကွင်း၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့)

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၁၄-၁၅ | ဆလိုဗက်ကီးယား | ၀-၀ | ယူကရိန်း | ၀-၁ | ဆလိုဗက်ကီးယား | (ယူရို ၂၀၁၆ ခြေစစ်ပွဲ) |
| ၂၀၁၈ | ။ | ၄-၁ | ။ | ၁-၀ | ။ | (UEFA နေရှင်းလိဂ် အုပ်စု) |

ကမ္ဘာ့အဆင့်(၄၅)ရှိသည့် ဆလိုဗက်ကီးယားအသင်းနှင့် ကမ္ဘာ့အဆင့်(၂၄)ရှိသည့် ယူကရိန်းအသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၈)ကြိမ် ဆုံတွေ့ခဲ့ရာ ဆလိုဗက်ကီးယားက နှစ်ကြိမ် အနိုင်ရပြီး သုံးကြိမ် သရေကျကာ သုံးကြိမ် ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ ကွာခြားမှု မရှိသော်လည်း ပွဲစဉ်(၁)တွင် နာမည်ကြီး ဘယ်လ်ဂျီယံကို အနိုင်ကစားထားသည့် ဆလိုဗက်ကီးယားကြောင့် အဖွင့်ပွဲစဉ်ရှုံးထားသော ယူကရိန်းတို့အတွက် အခက်တွေ့ဦးမည့် ပွဲဖြစ်ပြီး သရေကျရန် ရာခိုင်နှုန်းများနေကာ အနိုင်ဆိုပါက စိတ်ဓာတ်တက်ကြွနေသော ဆလိုဗက်ကီးယားကိုပင် ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ဆလိုဗက်ကီးယား–ရှုံး၊သရေ၊နိုင်၊နိုင်၊နိုင်**

**ယူကရိန်း–နိုင်၊ရှုံး၊သရေ၊နိုင်၊ရှုံး**

### အုပ်စု(ဃ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – ပိုလန် ၁–၂ နယ်သာလန် ဩစတြီးယား ၀–၁ ပြင်သစ်

**ပိုလန် – ဩစတြီးယား**

ဇွန် ၂၁ ရက်၊ (သောကြာနေ့) ည ၁၀း၃၀နာရီ

(ဘာလင် အိုလံပစ်ဘောလုံးကွင်း၊ ဘာလင်မြို့)

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၀၄-၀၅ | ပိုလန် | ၃-၂ | ဩစတြီးယား | ၁-၃ | ပိုလန် | (ကမ္ဘာ့ဖလား ၂၀၀၆ ခြေစစ်ပွဲ) |
| ၁၂-၆-၂၀၀၈ | ဩစတြီးယား | ၁-၁ | ပိုလန် | | | (ယူရို ၂၀၀၈ အုပ်စု) |
| ၂၀၁၉ | ပိုလန် | ၀-၀ | ဩစတြီးယား | ၀-၁ | ပိုလန် | (ယူရို ၂၀၂၀ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့် (၂၆)ရှိသည့် ပိုလန်အသင်းနှင့် ကမ္ဘာ့အဆင့်(၂၅)ရှိသည့် ဩစတြီးယားအသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၇)ကြိမ် ဆုံတွေ့ခဲ့ရာ ပိုလန်က လေးကြိမ်သာ အနိုင်ရပြီး နှစ်ကြိမ် သရေကျကာ တစ်ကြိမ်သာ ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါ သာနေသည့် အမှတ်လိုနေသည့် ပိုလန်တို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ပိုလန်–နိုင်၊နိုင်၊နိုင်၊နိုင်၊ရှုံး**

**ဩစတြီးယား–နိုင်၊နိုင်၊နိုင်၊သရေ၊ရှုံး**

**နယ်သာလန် – ပြင်သစ်**

ဇွန် ၂၂ ရက်၊ (စနေနေ့) နံနက် ၀၁း၃၀ နာရီ

(လိုက်ပဇစ်ဘောလုံးကွင်း၊ လိုက်ပဇစ်မြို့)

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| - ၁၉၈၁ | နယ်သာလန် | ၁-၀ | ပြင်သစ် | ၂-၀ | နယ်သာလန် | (ကမ္ဘာ့ဖလား ၈၂ ခြေစစ်ပွဲ) |
| ၂၃-၅-၁၉၉၆ | ပြင်သစ် | ၀-၀ | နယ်သာလန် | | | (ယူရို ၉၆ ကွာတား) |
| | (ပင်နယ်တီ | ၅-၄ | ဖြင့် ပြင်သစ် နိုင်) | | | |
| ၂၂-၆-၂၀၀၀ | ပြင်သစ် | ၂-၃ | နယ်သာလန် | ၀-၁ | ပိုလန် | (ယူရို ၂၀၀၀ အုပ်စု) |
| ၁၄-၆-၂၀၀၈ | နယ်သာလန် | ၄-၁ | ပြင်သစ် | | | (ယူရို ၂၀၀၈ အုပ်စု) |
| ၂၀၁၆-၁၇ | နယ်သာလန် | ၀-၁ | ပြင်သစ် | | | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၂၀၁၈ | နယ်သာလန် | ၂-၀ | ပြင်သစ် | ၂-၁ | နယ်သာလန် | (UEFA နေရှင်းလိဂ် အုပ်စု) |
| ၂၀၂၃ | နယ်သာလန် | ၁-၂ | ပြင်သစ် | ၄-၀ | နယ်သာလန် | (ယူရို ၂၀၂၄ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့် (၆)ရှိသည့် နယ်သာလန်အသင်းနှင့် ကမ္ဘာ့အဆင့်(၂)ရှိသည့် ပြင်သစ်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ အကြိမ်(၃၀)ဆုံတွေ့ခဲ့ရာ နယ်သာလန်က (၁၁)ကြိမ် အနိုင်ရထားပြီး သုံးကြိမ် သရေကျကာ (၁၆)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ပြင်သစ်တို့ အသာရနေသော်လည်း အသင်းကြီးများ တွေ့ဆုံမှုဖြစ်၍ သရေကျရန် ရာခိုင်နှုန်းများနေကာ အနိုင်ဆိုပါက ပြင်သစ်ကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**နယ်သာလန်–နိုင်၊ရှုံး၊နိုင်၊နိုင်၊နိုင်**

**ပြင်သစ်–ရှုံး၊နိုင်၊နိုင်၊သရေ၊နိုင်**

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်

နိုင်ကမ္ဘာ

### အုပ်စု(က)ပွဲစဉ်

**ပီရူး – ချီလီ**

ဇွန် ၂၂ရက်၊ (စနေနေ့) နံနက် ၆း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**


| | | | | | | |
|---|---|---|---|---|---|---|
| ၁၃-၇-၂၀၁၁ | ချီလီ | ၁-၀ | ပီရူး | | | (ကိုပါ အမေရိကဖလား-အုပ်စု) |
| ၂၀၁၁-၁၃ | ချီလီ | ၄-၂ | ပီရူး | ၁-၀ | ချီလီ | (ကမ္ဘာ့ဖလား ၂၀၁၄ခြေစစ်ပွဲ) |
| ၃၀-၆-၂၀၁၅ | ချီလီ | ၂-၁ | ပီရူး | ၂-၁ | | (ကိုပါ အမေရိကဖလား-ဆီမီး) |
| ၂၀၁၅-၁၆ | ချီလီ | ၂-၁ | ပီရူး | ၃-၄ | ချီလီ | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၄-၇-၂၀၁၉ | ချီလီ | ၀-၃ | ပီရူး | | | (ကိုပါ အမေရိကဖလား ဆီမီး) |
| ၂၀၂၀-၂၁ | ချီလီ | ၂-၀ | ပီရူး | ၂-၀ | ချီလီ | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |
| ၁၃-၁၀-၂၀၂၃ | ချီလီ | ၂-၀ | ပီရူး | | | (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၃၁)ရှိသည့် ပီရူးအသင်းနှင့် ကမ္ဘာ့အဆင့်(၄၀)ရှိသည့် ချီလီအသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ အကြိမ်(၂၃) ဆုံတွေ့ခဲ့ရာ ပီရူးက (၇)ကြိမ် အနိုင်ရထားပြီး တစ်ကြိမ် သရေကျကာ (၁၅)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ချီလီတို့ အသာရနေသော်လည်း တောင်အမေရိကအသင်းများ တွေ့ဆုံမှုဖြစ်၍ ခြေစွမ်းမကွာလှသဖြင့် သရေကျရန် ရာခိုင်နှုန်းများနေပြီး အနိုင်ဆိုပါက ချီလီကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ပီရူး–သရေ၊နိုင်၊နိုင်၊သရေ၊နိုင်**

**ချီလီ–သရေ၊ရှုံး၊နိုင်၊ရှုံး၊နိုင်**



## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ဇွန် ၁၉ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်မယ်ဆိုရင် စာကြည့်တိုက်များက အဓိကအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ စာကြည့်တိုက်တွေ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ စာကြည့်တိုက်တွေ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်နေမှလည်း ပြည်သူတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတွေ အလွယ်တကူ ဆည်းပူးလေ့လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့တစ်နိုင်ငံလုံးမှာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၇ ကြိမ်၊ (အရှေ့ပိုင်း)မှာ ၄ ကြိမ်၊ (မြောက်ပိုင်း)မှာ ၂ ကြိမ်၊ စုစုပေါင်း ရှမ်းပြည်နယ်အတွင်း ၁၃ကြိမ် ကျင်းပသွားဖို့ စီမံဆောင်ရွက်ထားပါတယ်။ အလားတူ နိုင်ငံတော်ရဲ့ အစီအစဉ်အပြင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရဲ့ အစီအစဉ်များနဲ့လည်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေကို ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားလေးများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကာလ၊ ဉာဏ်ပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနဲ့ ကာယစွမ်းရည်ပြိုင်ပွဲဖြစ်သည့် အားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

၀–၀–၀–၀–၀–၀

## ရှေးရိုးရာမပျက် တောင်ရိုးတိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းဖွင့်လှစ်

**ပင်းတယ ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာအုပ်စု ပွေးလှကျေးရွာအဝင် ရှော်ပင်ကျေးရွာ ရေဂနိုင်သဘာဝရေထွက် တောရဘုန်းတော်ကြီးကျောင်း၌ ဒေသနေ တောင်ရိုးတိုင်းရင်းသားများ၏ ရှေးရိုးရာမပျက်လက်ရက်ကန်းဖြင့် တိုင်းရင်းသားဝတ်စုံချုပ်နည်း ဂျပ်ခုတ်လက်မှုပညာသင်တန်းအား ဇွန်လကုန်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ လက်မှုပညာတောင်ရိုးတိုင်းရင်းသူ ဝတ်စုံချုပ်နည်းလက်ရက်ကန်းပညာကို ရှေးဘိုးဘွားဘီဘင်လက်ထက်မှ စတင်၍ မိရိုးဖလာအမွေအနှစ် လက်မှုပညာအဖြစ် ကျွမ်းကျင်တတ်မြောက်လာသော ပင်းတယမြို့နယ် ကူးကော်ကျေးရွာအုပ်စုရှမ်းရွာမှ လက်မှုအနုပညာရှင်ဆရာမ ဒေါ်သိန်းငွေက ပင်းတယမြို့နယ်ရှိ ရှော်ပင်ကျေးရွာ၊ ကုန်းသာကျေးရွာ၊ အင်းပလက်ကျေးရွာ၊ ရှားပြားကျေးရွာနှင့်ကလောမြို့နယ်တောင်ရိုးမြေခြားချိမ့်ကျေးရွာများမှ တောင်ရိုးတိုင်းရင်းသူ စုစုပေါင်း ၂၀ ဦးတို့အား စာတွေ့၊ လက်တွေ့ချုပ်လုပ်သင်ကြားပေးလျက်ရှိရာ ယခုအခါ ကောင်းမွန်ကျွမ်းကျင်စွာ ချုပ်လုပ်နေသည့် သင်တန်းသူ ၅ဦးတို့၏ တောင်ရိုးတိုင်းရင်းသား၊ တိုင်းရင်းသူဝတ်စုံများ၊ ချည်ထည်ခေါင်းပေါင်းပဝါများ ချုပ်လုပ်ရောင်းချပေးလျက်ရှိသည်။

ယခု ပထမအကြိမ် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသော တောင်ရိုးတိုင်းရင်းသားယဉ်ကျေးမှုဝတ်စုံများအား တစ်စုံလျှင် ငွေကျပ် ၈၅၀၀၀ ခန့် ကုန်ကျစရိတ်ရှိကြောင်းနှင့်မိရိုးဖလာအမွေအနှစ်လက်မှုနည်းပညာများ မပျောက်ပျက်စေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနညွှန်ကြားရေးမှူးရုံးမှ ကြီးကြပ်ဖွင့်လှစ်သည့် တောင်ရိုးရာဂျပ်ခုတ်သင်တန်းတစ်ခုဖြစ်ပါကြောင်း ရေဂနိုင်တောရကျောင်းထိုင်ဆရာတော် အရှင်ဝိမလထံက သိရသည်။

(၃၃၈)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။**

## မန္တလေးမြို့တွင် DDC အလှကုန်အရောင်းပြခန်းအသစ် ဖွင့်လှစ်

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ DDC အလှကုန်အရောင်းပြခန်းအသစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁၉ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂နာရီအထိ NZN အလှကုန်၊ ၇၃လမ်း၊ ၃၈ လမ်းနှင့် ၃၉လမ်းကြားတွင် ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် ဗီတာမင်နှင့် ဇော်ရှိုင်းထက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လက်ဆောင်များ ပေးအပ်ခြင်းနှင့်အတူ ဓာတ်ပုံအတူတွဲရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

"အရွယ်စုံ အမျိုးသမီးများ အနေဖြင့် အသားအရေလှပမှုနှင့် ကျန်းမာရေးအတွက် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်မှသာ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်နိုင်မည်။ အသားအရေထိန်းသိမ်းမှုအတွက် လိုအပ်သည့် ဖြည့်စွက်စာနှင့် အသားအရေကျန်းမာရေးအတွက် လိုအပ်သည့် ကုသမှုများ ပြုလုပ်ရန် လိုအပ်ပါတယ်"ဟု NZN အလှကုန်ပိုင်ရှင်က ပြောသည်။



အဆိုပါအခမ်းအနားသို့ ဗီတာမင်နှင့် ဇော်ရှိုင်းထက်တို့ ပရိသတ်များနှင့်အတူစည်ကားခဲ့ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်–၆)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၂)၊ လမ်း၃၀နှင့် သင်္ဂဇာအရှေ့ဘက် ပတ်လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။



ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၂၁ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်–၆)

## ဝမ်းတွင်းမြို့နယ်အတွင်း ကျေးရွာ ၁၁ ရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဝမ်းတွင်း ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝမ်းတွင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီးမံကိန်း VDP အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီ ဖွဲ့စည်းခြင်းကို ဇွန် ၁၀ ရက်မှ ဇွန် ၁၃ ရက်ထိ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အဆိုပါ ကျေးရွာ ၁၁ရွာရှိ ကျေးရွာများသို့ စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်း မူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများမှ ကျေးရွာ ၁၁ ရွာ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျေးရွာ ၁၁ရွာ၌၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝ၄ဝ)




## စိန်ကမ္ဘာ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အမရဌာနီအရှေ့ရပ်ကွက်ရှိ စိန်ကမ္ဘာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ၊ စာအုပ် လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါနေရာတွင် ကျင်းပသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး အောင်မြေသာစံမြို့နယ်၊ အုပ်ချုပ်ရေးမှူးကိုယ်စား ဦးဇော်လင်းဦး(စီမံ)က မှတ်ခွန်းဆက်စကားများပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံအလှူရှင် စိန်စံပွာယ်ဖူး ဦးအေးမောင်+ဒေါ်နီနီဦး မိသားစုတို့က ပန်ကာလေးလက်နှင့်အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ စာကြည့်တိုက်အဖွဲ့ဝင် စာရေးဆရာ ဦးမြင့်သိန်း (ပညာရေး)က အလှူငွေကျပ် တစ်သိန်း၊ အလှူရှင် ဒေါ်တိုးတိုး မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့်အတူ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်မြင့်မြင့်သန်းက စာအုပ်စာစောင်များကိုလည်းကောင်း၊ ဆရာအောင်တင်ဝင်း(ငါ့သရောက်)က နန်းရွှေစာပေတင်းကုပ်ကိုယ်စား စာအုပ်စာစောင်များကိုလည်းကောင်း၊ ဆရာအိုးဝေ (မြေနီကျင်း)က ခတ်ပုံပန်းချီမှန်ပေါင် တစ်ခုကိုလည်းကောင်း အသီးသီး လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား စိန်စံပွာယ်ဖူး(စိန်တိုက်) ဒေါ်နီနီဦးနှင့် စာကြည့်တိုက်ကိုယ်စား ရပ်မိရပ်ဖ ဦးခင်မောင်ကြီးတို့က အသီးသီးကျေးဇူးတင်စကားများ ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၉)

## သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေအရည်အသွေး ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း အလယ်ပေါင်တံတားအနောက်ဘက်ချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်း အနောက်ဘက်ပတ်လမ်း လမ်း၃၀ နှင့် ၃၁လမ်းကြား ချောင်းအတွင်း ကြာပင်များအကြား ပေါက်နေသော ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ချောင်းအတွင်းမှ ဆယ်တင်ထားသော ဒိုက်အမှိုက်များကို အမှိုက်သိမ်းအဖွဲ့လုပ်သားများဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၃၆ လမ်း နှင့်၃၈လမ်းကြား ချောင်းအတွင်းမှ ဒိုက်အမှိုက်နှင့်နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

သင်္ဘောချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်းအသုံးပြု ဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက် တစ်စီးနှင့်မော်ဆယ်စက်တစ်စီးအသုံးပြု ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန်(၈၀)ခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီး အသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ နှစ်ဧကခန့် ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၂ လမ်းနှင့် ၃၃လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့်သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)



## မန္တလေးမြို့တွင်းရှိ ဆီဆိုင်များတွင် စားသုံးဆီများကို သတ်မှတ်ရည်ညွှန်းဈေးနှင့် ရောင်းချပေးနေ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့တွင်းရှိ ဆီဆိုင်များတွင် စားသုံးဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားသုံးဆီကို ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ဆီလုပ်ငန်းရှင်တို့ ပူးပေါင်းကာ စားသုံးဆီများကို ပြည်ပမှ တင်သွင်းပြီး ဆီလက်ကားဆိုင်ကြီးများကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ပြန်လည်ခွဲဝေရောင်းချပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွက် ဇွန် ၁ ရက်မှစတင်၍ တစ်လအတွင်း စားအုန်းဆီတန်ချိန်ပေါင်း ၆၀၀၀အား ကုမ္ပဏီ ၂၁ခုမှ တာဝန်ယူပြီး လက်ကားဆိုင် ၆၇ ဆိုင်၊ လက်လီဆိုင် ၇၈၉ ဆိုင်ဖြင့် သတ်မှတ်ရည်ညွှန်းဈေးအပေါ် သယ်ယူတင်ချစရိတ်များထပ်ပေါင်း၍ အမြတ်နှစ်ရာခိုင်နှုန်းဖြင့် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။



မန္တလေးမြို့တွင်းရှိ ဆီဆိုင်ကြီးများတွင် နံနက် ၈ နာရီမှစတင်ကာ လက်ရှိသတ်မှတ်ရည်ညွှန်းဈေးဖြစ်သည့် ၁ ပိဿာလျှင် ငွေကျပ် ၆၀၅၀ - ၆၁၀၀ ဖြင့် တစ်ဦးလျှင် အနည်းဆုံး ၁ ပိဿာနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ဈေးကွက်အတွင်း သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိ၊ မရှိကိုလည်း မန္တလေးတိုင်းဒေသကြီးကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၊ မန္တလေးတိုင်းဒေကြီးဆီလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး နေ့စဉ်ကွင်းဆင်းကာ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်နေသည်ဟု သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဆီထွက်သီးနှံမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း ဇွန် ၂၀**

ဆီထွက်သီးနှံအဖြစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ဒေသခံတောင်သူများထံက သိရသည်။

"ပြီးခဲ့သည့်မေလက စိုက်ပျိုးသည့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ လက်ရှိမြေပဲတွေမှာ ပေါင်းမြက်ရှိနေ၍ အလုပ်သမားများနှင့်ပေါင်းထိုးနေကြတယ်။ မြေပဲကို မြေပဲပင်ပြန်(ကြောင်းကုန်းမြေပဲ)ရယ်၊ ပင်ထောင်ရယ်လို့ရှိပြီး သက်တမ်းနုပြီး ပင်ပြန်မြေပဲထက် စောစောနုတ်သိမ်းနိုင်တဲ့အတွက် ပင်ထောင်မြေပဲကို ပိုစိုက်ပါတယ်။ နှစ်စဉ်မြေပဲတောင့်ဈေးနှင့် မြေပဲဆန်ဈေးကောင်း၍ တောင်သူတွေ အကျိုးအမြတ်ရရှိတယ်" ဟု ရေနံချောင်းမြို့နယ်က တောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်း၌ မြေပဲ ၇၂၄၈၁၃ဧက၊ နှမ်းဧက ၁၀၆၈၁၉၉ လျာထား၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

(၄၇၂)

# ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**ညောင်ဦး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နှင့် ပုဂံမြို့ရှိ အခြေခံလက်လုပ်လက်စား ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဇွန် ၁၉ ရက် နံနက်ပိုင်းက ဒေါ်ချိုရတနာ(တိုကျို-ဂျပန်) မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရအား အမှူးပြု၍ ဆန်၊ ဆီ နှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများကို ဝင်ငွေနည်းအိမ်ထောင်စုများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ဝင်ငွေနည်းအိမ်ထောင်စုများအား စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးရာတွင် ဦးစွာ အလှူရှင်မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်အား ဦးခိုက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းများ ပေးဝေခဲ့ကြသည်။

ထို့နောက် အလှူရှင်မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော်၏ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နှင့် ပုဂံမြို့ရှိ ဝင်ငွေနည်းအိမ်ထောင်စု(၁၀၀)အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သားနှင့် ခေါက်ဆွဲခြောက်၊ လက်ဖက်၊ ပဲကြော်၊ မုန့် အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို စနစ်တကျ ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့သည်။

အလားတူ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်းခြင်းကို ဇွန် ၁၈ ရက်က ရန်ကုန်မြို့မှ အလှူရှင်ဒေါ်နီနီအေး မိသားစုက ညောင်ဦးမြို့နှင့် ပုဂံမြို့ရှိ ဝင်ငွေနည်းအိမ်ထောင်စု(၁၀၀)အား ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော်၏ ဦးဆောင်မှုဖြင့် အိမ်ထောင်စု တစ်စုလျှင် အလှူငွေကျပ် ၁၀၀၀ နှင့် ဆန်တစ်ပြည်စီတို့ကို ထောက်ပံ့ လှူဒါန်းခဲ့ပြီး ဆရာတော် ဦးစီးဖွင့်လှစ်ထားရှိသော ရတနာပန်းတော် ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဇီဝိတဒါနအဖြစ် အလှူငွေကျပ် တစ်သိန်းအား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးရှိုးမွန်က လူငယ်နှင့် အားကစားအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား စာပေနှင့်ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကို လေ့လာစေလိုကြောင်း၊ ပညာသည်အိုသည်မရှိ၊ ပညာတတ်မြောက်မှသာ အမှားအမှန် ဝေဖန်နိုင်မည်ဖြစ်ကြောင်း၊ စာကိုကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်းအဆိုးခွဲခြားတတ်စေရန် အခြားသော ပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်း၊ စာအုပ်၊ စာပေများသည် မည်မျှပင် ဟောင်းနွမ်းစေကာမူ ပညာဗဟုသုတများစွာ ရရှိနိုင်သည့်အတွက် လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကိုလည်းကောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ထို့နောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကိုလည်း ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**
**(ဝ၅၆)**

၀-၀-၀-၀-၀



# ပြည်တွင်းသကြားဈေးကွက်တွင် ပြီးခဲ့သည့်လများထက် ဈေးအနည်းငယ်မြင့်တက်ပြီး ဈေးငြိမ်နေ

ပြည်တွင်းသကြားဈေးကွက်တွင် ပြီးခဲ့သည့် မေလက တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဝန်းကျင်ရှိခဲ့ရာမှာ လက်ရှိတွင် ငွေကျပ် ၄၈၀၀ ဝန်းကျင်ရှိသဖြင့် ယခုလတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ဝန်းကျင် မြင့်တက်လာသည်ဟု နေ့စဉ် သကြားပေါက်ဈေးများအရ သိရသည်။

သကြားဈေး အမြင့်ဘက်ရောက်ရှိလာခြင်းဖြင့် ကြံကြိတ်ဝါးသည့် စက်ရုံများကလည်း ကြံစိုက်တောင်သူများအား ဈေးနှုန်းမမြင့် ဝယ်ယူကြကြောင်း သကြားကုန်သည်တစ်ဦးက ပြောသည်။

"ယခုလမှာတော့ သကြားဈေးက ၄၈၀၀ ဝန်းကျင်နဲ့ ပုံမှန်အတိုင်းရှိနေတယ်။ ကြံကြိတ်ဝါးတဲ့ သကြားစက်တွေကလည်း ဒီနှစ်မှာ ကြံခုတ်တာနောက်ကျလို့ ပုံမှန်က ဧပြီလဆိုရင် စက်တွေနားပေမယ့် ခုထိလည်နေတဲ့ စက်လည်း ရှိတယ်။ မေလက ဈေးနှုန်းနဲ့ယှဉ်ရင်တော့ တစ်ပိဿာ ၂၀၀ ဝန်းကျင် ဈေးမြင့်ပေမယ့် ဒီဈေးအတိုင်းပဲ ဆက်ပြီးရှိနိုင်တယ်"ဟု ၎င်းက သုံးသပ်သည်။

ပြည်တွင်းမှ သကြားများကို အဓိကအားဖြင့် ဗီယက်နမ်သို့ တင်ပို့နေရပြီး ကမ္ဘာ့သကြားဈေးကွက်တွင် အဝယ်အေးနေသဖြင့် ဈေးနှုန်းငြိမ်နေခြင်းကြောင့် သကြားဈေးမှာ လက်ရှိထက် မြင့်တက်ရန်မှာ ရာခိုင်နှုန်းနည်းပါးသည်ဟု ဆိုသည်။

နိုင်ငံတကာသကြားဈေးကွက်မှာ အရောင်းအဝယ် အေးနေပြီး သကြားတစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၀ အောက်ရောက်နေတော့ ဈေးတက်လာနိုင်ဖို့ မရှိဘူးလို့ ခန့်မှန်းတာပါ။ ဒါပေမယ့် ယခင်ဈေးတွေနဲ့ ယှဉ်ရင်တော့ အမြင့်ဈေးလို့ ပြောရမယ်။ ကမ္ဘာ့သကြားဈေးတက်လာရင်တော့ ပြည်တွင်းသကြား ဈေးကွက် လှုပ်လာနိုင်တယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်းသကြားထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခုနှစ် ကြံရာသီတွင် သကြားတန်ချိန် ၅၀၀၀၀၀ ကျော်ရှိနိုင်ကြောင်း ကြံရာသီအစပိုင်းက ခန့်မှန်းခဲ့သော်လည်း ကြံတောင်သူများ ကြံခုတ်ချိန်နောက်ကျ၍ သကြားစက်များလည်း စက်လည်ပတ်ချိန်နောက်ကျခြင်းနှင့် အခြားသောအကြောင်းများကြောင့် သကြားထွက်နှုန်းမှာ ခန့်မှန်းသည်ထက် အနည်းငယ်လျော့နည်းနိုင်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများမှ ပြည်တွင်းသကြားကို ဝယ်လိုအားကောင်းသော်လည်း ပြည်တွင်းစားသုံးမှု ပိုလျှံမှုကို အဓိကထားကာ ပြည်ပတင်ပို့ခြင်းဖြစ်၍ ဗီယက်နမ်နိုင်ငံက အများဆုံးဝယ်ယူနေပြီး ပြည်ပသို့ သကြားတန်ချိန် ၁၀၀၀၀၀ ခန့်တင်ပို့ရန် မျှော်မှန်းထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



# အောင်မြေသာစံမြို့နယ်တွင် ဆရာ၊ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန့်ဇင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများမှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ဇွန် ၁၉ ရက်က မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ရာဇာခန်းမတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမ ၃၇၃ဦးအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရာ ဒုတိယမြို့နယ် ပညာရေးမှူးများဖြစ်ကြသော ဦးအောင်ကြီး(ပညာ)၊ ဦးထွန်းထွန်းအောင်(စီမံ)နှင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၃)**

# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတက်ရောက်နိုင်ရေး ရှင်းလင်းဆွေးနွေး

**ကံမ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကံမ)၏ မြဝတီခန်းမ၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကိုကိုမောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အခြေခံပညာအထက်တန်းကျောင်း(ကံမ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်နွယ်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ ဖြူသန့်ထွန်းတို့က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြပြီး မိဘများက သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

# ရေပုတ်ကြီးစရစ်ပိုင်းသူလေးများအဖွဲ့၏ သာသနာပြုခရီးစဉ် မန္တလေးမြို့သို့ ရောက်ရှိ



**မန္တလေး ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးစရစ်ပိုင်းလေးရွာမှ အမျိုးသမီးငယ်များအဖွဲ့သည် မန္တလေးမြို့ တောင်စလင်းတိုက်သစ်သို့ ဇွန် ၁၃ ရက်တွင် ရောက်ရှိပြီး နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်း ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု အား လှူဖွယ်ပစ္စည်းအချို့နှင့်အတူ ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ စရစ်ပိုင်းအဖွဲ့အား ပွင့်ဖြူမြို့ ဆရာတော်ဘဒ္ဒန္တဥတ္တမက ဦးဆောင်ပြီး စုစုပေါင်း အဖွဲ့ဝင်ဦးရေ ၃၀ ခန့်ပါဝင်သည်ဟု သိရသည်။ ၎င်းစရစ်ပိုင်း ပျိုဖြူကလေးများသည် မြန်မာ့ကျေးလက်သဘာဝကို ဆံပင်အလှဖြင့် ရိုးရာမပျက်အစဉ်အလာအား ထိန်းသိမ်းထားနိုင်ကြ၍ မြန်မာတို့၏ ကျေးလက်သဘာဝကို နိုင်ငံတကာ အလယ်တွင် ဂုဏ်ယူဖွယ် ဖြစ်ရပါသည်။ ၎င်းတို့အဖွဲ့သည် သာသနာပြုခရီးစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ တန်ခိုးကြီးဘုရားများ၊ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ အပါအဝင် မန္တလေးနန်းတော်အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်တို့ကိုပါ လေ့လာရေးခရီးစဉ်များ ပါဝင်ပြီး ဇွန် ၁၃ ရက်မှ ၁၅ ရက်အထိ ဆရာတော်ကျောင်းတွင် တည်းခိုသွားမည်ဖြစ်ကြောင်း ဆရာတော်ဥတ္တမထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၉)

# ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေး ကျင်းပ



**ပခုက္ကူ ဇွန် ၂၀**

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီ က မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမတွင် ကျင်းပကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။

အစည်းအဝေးသို့ ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးသိန်းခိုင်ဦး(ပခုက္ကူမြို့)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် အဖွဲ့ဝင်များ၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်၊ ရန်ကုန်တိုင်း ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်ခင်သန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)ဒေါက်တာ အောင်ကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အကြိမ်(၃၀)မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ ဆရာမြင်းမူမောင်နိုင်မိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက အကြံပေးညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(PNT)

# စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**မိုင်းခုတ် ဇွန် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) တို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ရန်ကုန်ဘဆွေ ရေးသားသော 'သေသော်မှ တည့်သြော်ကောင်း၏' စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်သီတာအေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာအုပ်ပါအကြောင်းအရာများကို အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များကလည်း စာအုပ်ပါအကြောင်းအရာများကို ဝင်ရောက်ဖတ်ရှုဆွေးနွေးခဲ့သည်။



စာဖတ်ဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ လစဉ် ကျင်းပလျက်ရှိပြီး စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့ ။

ပတ်စရာ၊ မှတ်စရာ
ခံ့လင်
မန္တလေး

## မြတ်ဗုဒ္ဓရဲ့ ဩဝါဒ

* ဖေဖေစိုက်တဲ့ စံပယ်ခင်း
လေညင်းထဲမှာ မွှေးပျံ့သင်း ။
* လရောင်အောက်မှာ ပွင့်ဝေဆာ
ဖွေးဖွေးဖြူလို့ မွှေးကြူစွာ ။
* အရုဏ်ဦးမှာ စံပယ်ခူး
ဘုရားတင်လို့ စိတ်ကြည်နူး ။
* လုတဲ့အခိုင်လေး ခူးဦးကွာ
ဆရာမကို ပေးဖို့ရာ ။
* စံပယ်ပွင့်တွေ သီကာပ
သူငယ်ချင်းတွေနဲ့ ဝေကာမျှ ။
* စံပယ်ပန်ရင်း ပြုံးချိုရွှင်
ရသူ ပေးသူ ပိုချစ်ခင် ။
* ပေးဝေတတ်တဲ့ စိတ်အလှဟာ
တစ်ကမ္ဘာလုံး ငြိမ်းအေးရာ ။
* မျှဝေတတ်တဲ့ သဒ္ဓါအလှ
မြတ်ဗုဒ္ဓရဲ့ ဩဝါဒ ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

# (၅၃)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်း

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးလင်းဖြိုးသည် ဇွန် ၁၉ ရက် နံနက်ပိုင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများအတွက် သွေးလှူဘဏ်တွင် (၅၃)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ) (၀၇၂)





## သတင်းပဒေသာ

### ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် မိုးဦးကျကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြိုတင်ကာကွယ်နိုင်ရန် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက ရွှေပြည်သွန်ကျေးရွာနှင့် ပြေသာကုန်းကျေးရွာများသို့ သွားရောက်၍ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာရေးဆရာများ စာဖတ်ဝိုင်းဆွေးနွေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာများ၏ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်သစ် ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မက်မန်းမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ကျေးရွာစာကြည့်တိုက်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မက်မန်းမြို့နယ်၊ ကွန်ဟောင်းကျေးရွာတွင် နိုင်ငံတော်မ,တည်ငွေဖြင့် ကျေးရွာစာကြည့်တိုက်သစ် ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ ဟိုမိန်းမြို့တွင် စာပေဖတ်ရှုသူ အချင်းချင်း ရင်းနှီးမှုရှိစေရန်၊ စာပေဖတ်ရှုခြင်းမှတဆင့် လူငယ်လူရွယ်များ အသိပညာ ဖလှယ်နိုင်စေရန်၊ စာပေဖတ်ရှုခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန် ၊ အသိပညာဗဟုသုတ တိုးပွားရရှိစေရန် ရည်ရွယ်၍ စာရေးဆရာလယ်တွင်းသားစောချစ်၏ "ပန်းလိုချင် အပင်ကိုပျိုးတတ်မှ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ပြည်သူများကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီခွဲက ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့ မြို့မဈေးတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအသိပညာပေး ဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် နောင်ဖာလမ်းဆုံ၌ ကျင်းပသည်။ ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇွန် ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ခြင်းပြုလုပ်သည်။

ရှေးဦးစွာကထိကဆရာတော် ဘဒ္ဒန္တကဝိဓဇက ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ ဦးစိန်လင်း+ဒေါ်တင်နု(ရွှေအင်းဝမိသားစု၊ရွှေအင်းဝ ရေချိုကုန်ရောင်းဝယ်ရေး၊ အဆင့်မြင့်ကိုင်းတန်းဈေး၊မန္တလေးမြို့)က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း၅၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၅၁သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများအား တစ်ပါးချင်းစီ လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**(ကဆ)**



## ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်တော်လှူဒါန်း

**ပုသိမ်ကြီး ဇွန် ၂၀**

ပုသိမ်ကြီးမြို့နယ်၊ ချမ်းသာကြီး ဆန်လှူအသင်းမှ အုန်းချော ကျေးရွာ သာသနာ့ဇောတယီ ကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒိမာအား ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်လှူဒါန်းခြင်းကို ယင်းကျောင်းတိုက်၌ ဇွန် ၁၉ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ရှေးဦးစွာ ဘဒ္ဒန္တဒေါက်တာ စန္ဒိမာထံမှ သရဏဂုံနှင့်ငါးပါးသီလကို ချမ်းသာကြီးဆန်လှူအသင်း မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းခင်နှင့်အဖွဲ့က ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်ကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆရာတော်က အနုမောဒနာတရားကို ချီးမြှင့်ဟောကြားပြီး ကောင်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ကဆ)**



## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ အောက်ဆီဂျင်စက် လှူဒါန်း

**မန္တလေး ဇွန် ၂၀**

မန္တလေး၊တောင်စလင်းတိုက်သစ်နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတမ်းဒေသ ဆရာတော် ပဓာနနာယကအဖြစ် ဦးဆောင်နေသည့် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု၏ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းရုံးသို့ မန္တလေးမြို့၊ ကန်တော်ကြီးတိုက်ခန်းနေ အလှူရှင် ဦးအေးကို+ဒေါ်စန်းစန်းအေး၊ (သမီး) မယုယု၊ (သား)မောင်ဖိုးသား မိသားစုက ငွေကျပ် လေးသိန်းငါးသောင်း တန်ဖိုးရှိ အောက်ဆီဂျင်တစ်လုံးကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဥက္ကဋ္ဌ ဦးလှဝင်း ကိုယ်စားရုံးအဖွဲ့ဝင်တစ်ဦးက လက်ခံရရှိပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

မကြာမီဝါတွင်းကာလရောက်တော့မည်ဖြစ်၍ နှစ်စဉ်လှူဒါန်းကုသိုလ်ပြုနေကြဖြစ်သော ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများကို ဓမ္မမိတ်ဆွေတို့မှ လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ ဝါဆိုဆန်တစ်အိတ်လျှင် ငွေကျပ်တစ်သိန်း၊ ဝါဆိုသင်္ကန်း တစ်စုံအား ငွေကျပ်သုံးသောင်းဖြင့် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂နှင့်၀၉-၆၆၀၈၅၀၃၉၉တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**



## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)သို့ စာအောင်ဆုပဒေသာပင်စိုက်ထူ

**မန္တလေး ဇွန် ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းသို့ စာအောင်ဆုပဒေသာပင်နှင့် သာမဏေနူတ်ထောက်ဆွမ်းပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို ဇွန်၁၉ရက် နံနက် ၉နာရီက အဆိုပါအသင်း ဓမ္မဗိမာန်အလယ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပရိယတ္တိသာသနဟိတအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်း၊ ဒေါင်းရိုးရပ်နေ ဦးအေး+ဒေါ်အုန်းမြိုင်၊(သမီး)ဒေါ်သန်းသန်းနွဲ့၊(သား)ဦးမောင်မောင်လေးတို့အား ရည်စူး၍ ဒေါ်ခင်ဆန်းမိသားစုက စာမေးပွဲ(၃)ရပ် စာအောင်ဆုပဒေသာပင်အတွက် ငွေကျပ် ၁၅သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယအသင်းဥက္ကဋ္ဌဦးစိုးလွင်၊ အတွင်းရေးမှူးနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## ကဗျာဆရာကြီးမန္တလေးမောင်အောင်ခင်ကွယ်လွန်ခြင်း (၃)လပြည့်အမှတ်တရ လွမ်းဆွတ်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၀**

အလင်္ကာကျော်စာရေးဆရာကြီး ကဗျာဆရာကြီး မန္တလေးမောင်အောင်ခင် ကွယ်လွန်ခြင်း (၃)လပြည့် လွမ်းဆွတ်ပွဲကို ဇွန် ၁၇ရက် နံနက် ၈နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လမ်း၆၀၊၃၄လမ်းနှင့်၃၅လမ်းကြား၊ နဂါးကွက်သစ်ရှိ ဘာဝနာဂုဏ်ရည် တေဇာလင်း ဓမ္မရိပ်သာတွင် ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်ငါးပါးအားပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချတရားနာယူကြသည်။

ထို့နောက်ဆရာကြီးမန္တလေးမောင်အောင်ခင်အား လွမ်းဆွတ်သတိရခြင်းအနေဖြင့် ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်း၊ ရဟန်းစာဆို အရှင်ကောင်းတေးသီ၊ ရဟန်းစာဆို အရှင်ဇောတ (ချပ်သင်း) ရဟန်းစာဆို ပတ္တမြားမြေ ဆန်ဝေတို့က ဆရာကြီး၏အကြောင်း မှဒိတာစကားများ ပြောကြားပြီး ဆရာကြီးရေးသားခဲ့သည့် "ဘဝရှုခင်းထဲမှ ခုနှစ်ထွေကကြိုးကဗျာများ" စာအုပ်မှ ကဗျာများ ရွတ်ဆိုဂုဏ်ပြုသည်။

ဆက်လက်၍ ဆရာလူထက်လူ၊ ဆရာပြည့်ဖြိုးသီ ဆရာမောင်ဆွေသစ်(မန္တလေး) ၊ ဆရာမောင်သင်းပန်၊ ဆရာဟိန်းသန့်(အင်းဝ)၊ ဆရာမ ခင်ခင်ဝင်း (ပညာရေး)၊ ဆရာမယဉ်ယဉ်နု (မန္တလေး)၊ ဆရာမ သင်းသင်း (မန္တလာ)၊ ဆရာဝေမင်းသန့်၊ ဆရာမနွေမိုးကိုတို့က ဆရာကြီးနှင့်ဆုံဆည်းခဲ့မှု အမှတ်တရ မုဒိတာစကားများပြောကြားကြသည်။

ဆက်လက်၍ ဆရာကြီး၏ သမီးကြီးဒေါ်စန္ဒာက တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသူများက ကဗျာဆရာကြီး၏ ကဗျာများကို ရွတ်ဆိုဂုဏ်ပြုကြကြောင်း သိရသည်။

**(၀၅၀)**

# မွေးရန့် ပျံ့သင်း ရတနာပန်းခင်း

**မိုးထက်ကို(အမရပူရ)**

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူများသည် ကံ၊ ကံ၏ အကျိုးကိုလည်း ယုံကြည်ကြပါသည်။ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ကြသူများသည် အလှူဒါနလှူဒါန်းလိုစိတ်၊ သီလဆောက်တည်လိုစိတ် ဘာဝနာပွားများလိုစိတ်များ ဖြစ်ပေါ်လာရုံမျှမက မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် လူမျိုးတို့၏ ကောင်းကျိုးကို အကျင့်ကောင်း၊ စရိုက်ကောင်းများဖြင့် ကြိုးစားအားထုတ်လုပ်ကိုင်ကြရပါမည်။

လူ့ဘောင်လောကတွင် လူသားအားလုံးသည် လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်း တာဝန်များ၊ လုပ်ဆောင်မှုများနှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန် မိမိကိုယ်ကို တန်ဖိုးရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ၊ စိတ်ချမ်းသာမှုအပြည့်နဲ့ နေထိုင်ရန် အရေးကြီးပါသည်။

နိုင်ငံမှာ ပညာတတ်များပေါ်ထွန်းလာပြီး အတွေးအခေါ်၊ အမြော်အမြင်ကြီးစွာနဲ့ နိုင်ငံနှင့် လူမျိုးကို အမှန်တကယ် ချစ်မြတ်နိုးကာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လိုပြီး ယဉ်ကျေးလိမ္မာသော လူငယ်လေးများ အမြောက်အမြား ပေါ်ထွန်းလာပါလျှင် နိုင်ငံအနာဂတ်ရွှေရောင်တောက်ပလှပလာမည်သာ။

အနာဂတ်ခရီးမှာ နိုင်ငံအတွက် မျိုးဆက်သစ်လူငယ်လေးများသည် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာလေးများဖြစ်ပေါ်လာစေရန် လူ့လောက၊ လူ့ဘဝအလယ်မှာ အသိပညာ၊ အတတ်ပညာများပြည့်စုံတတ်မြောက်စေရန် မိဘမဲ့ကလေးငယ်များ၏ ဘဝရှေ့ရေးအဆင့်မြင့်ပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းများမှ ပြုစုပျိုးထောင်ပေးခြင်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ခွန်အားသည် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်လေးများပင်ဖြစ်သည်။ လူငယ်များသည် ရိုးသားဖြောင့်မတ်သည်၊ ခွန်အားသတ္တိရှိသည်။ စွမ်းဆောင်နိုင်သော စွမ်းအားရှိသည်။ ကိုယ်ကျိုးမဖက် အများအကျိုးကို သယ်ပိုးလိုသော ပရဟိတစိတ်ရှိကြသည်။ ပရဟိတအသင်းအဖွဲ့များ၊ လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်လေးများကို ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။

'ဗလငါးတန်'ဆိုသည်မှာ ကာယဗလ(ကာယအား)၊ ဉာဏဗလ(ဉာဏအား)၊ စာရိတ္တဗလ(ကိုယ်ကျင့်အား)၊ ဘောဂဗလ(ပစ္စည်းအား)၊ မိတ္တဗလ(မိတ်ဆွေအား)ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ယနေ့အချိန်အခါ သမယတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ပရဟိတအသင်းအဖွဲ့များသည် ဖြူစင်သော မေတ္တာ၊ မှန်မြတ်သော စေတနာ၊ ထက်သန်သော သဒ္ဓါတရားနှင့် ကိုယ်ချင်းစာနာညှာတာသနားကာ ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် အားကျိုးမာန်တက်လုပ်ဆောင်နေကြပါသည်။

'ပရဟိတ'အလုပ်ဆိုတာ---

**နာမည်ကြီးသူတိုင်းလည်း မလုပ်ဘူး**
**ပိုက်ဆံရှိသူတိုင်းလည်း မလှူဘူး**
**ခွန်အားရှိသူတိုင်းလည်း မကူညီဘူး**
**အချိန်အားတိုင်းလည်း စိတ်မဝင်စားဘူး**
**ပျော်ရွှင်ငြိမ်းချမ်းစေချင်တဲ့ မေတ္တာတရား**
**ကြင်နာတတ်တဲ့ ကရုဏာတရား**
**စာနာတတ်တဲ့ နှလုံးသား**
**ကူညီချင်တဲ့ စိတ်စေတနာနှင့်**
**နှလုံးလှသူများသာ လုပ်နိုင်တဲ့ အလုပ်**

ဟူသော လိုက်နာမှတ်သားစရာ ဆောင်ပုဒ်များလည်း ရှိပါသည်။

မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းများကလည်း ယဉ်ကျေးလိမ္မာသင်တန်းများကို သင်ကြားပို့ချလျက် ရှိပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများသည် သွားမှုစည်းကမ်း၊ နေမှုစည်းကမ်း၊ ထိုင်မှုစည်းကမ်း၊ စားမှုစည်းကမ်းများဖြင့် စည်းကမ်းတကျ သေဝပ်ကျနလှပါသည်။

ယဉ်ကျေးခြင်းဟူသည်မှာ ကိုယ်နှုတ်နှလုံးသုံးပါးတွင် သင့်လျော်၏၊ မသင့်လျော်၏၊ ပြောသင့် မပြောသင့်၊ လုပ်သင့် မလုပ်သင့်၊ ကြံသင့် မကြံသင့်ကို ဝေဖန်ပိုင်းခြားသုံးသပ်၍ ပြုမူနေထိုင်ခြင်းကို ဆိုလိုသည်။

လိမ္မာခြင်းဟူသည်မှာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးစသော လူမှုဘဝနယ်ပယ် အသီးသီးတွင် သင်ယူတတ်မြောက်လွယ်ခြင်း၊ နာခံတတ်ခြင်းကို ဆိုလိုသည်။

ထို့ကြောင့် ယဉ်ကျေးလိမ္မာခြင်းဆိုသည်မှာ မြတ်ဗုဒ္ဓ၏ တရားတော်နှင့်အညီကျင့်ကြံနေထိုင်၍ ကုသိုလ်ကောင်းမှုများကို ဆောင်ကာ အကုသိုလ်မကောင်းမှုများကို ရှောင်ကြဉ်နိုင်သော အသိတရားပြည့်ဝခြင်းပင် ဖြစ်သည်။

သတ္တလောကတွင် ရှိရှိသမျှ သတ္တဝါတို့သည် မိဘနှစ်ပါးမှ မွေးဖွားရှင်သန်လာကြသူများဖြစ်ကြပါသည်။ မိခင်များသည် အသက်နဲ့ရင်းကာ မွေးဖွားပေးခဲ့ကြပါသည်။ ဖခင်များသည် ဘဝနဲ့ရင်းကာ လုပ်ကိုင်ရှာဖွေကျွေးမွေးစောင့်ရှောက်ခဲ့ကြသူများ ဖြစ်ပါသည်။ မိခင်၊ ဖခင်များသည် မိမိ၏ ရင်သွေးလေးများကို မွေးကင်းစအရွယ် ကလေးငယ်ဘဝမှ စ၍ လူလားမြောက်သည်အထိ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြရပါသည်။

သို့သော် လူ့ဘဝမှာ လူဖြစ်ခွင့်ရကာ လူချင်းတူသော်လည်း ဘဝကံအကျိုးပေးခြင်း မတူကြပါ။ အတိတ်ကံ မကောင်း၊ အကြောင်းမလှ၍ မိဘများနှင့် သား၊ သမီးများ ခွဲခွာနေကြရသည့် ကလေးများလည်း ရှိပါသည်။ ထာဝရကွဲကွာနေကြရသည့် ကလေးငယ်များလည်း ရှိပါသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မများနှင့်အညီ ဗုဒ္ဓဘာသာ မြန်မာတို့သည် လူသားချင်းသနားကြင်နာ စာနာထောက်ထားကာ မိဘမဲ့ကလေးငယ်များ၊ ရင်ခွင်မဲ့ကလေးငယ်များ၏ အနာဂတ်ကာလ၊ ဘဝရှေ့ရေး အေးချမ်းသာယာလှပစေရန် ပရဟိတအသင်းအဖွဲ့များ၊ မိဘမဲ့ကလေးငယ်များ စောင့်ရှောက်ရေးကျောင်းများက ပညာသင်ကြားပေးကာ ကျွေးမွေးပြုစုစောင့်ရှောက်လျက်ရှိပါသည်။

စာရေးသူတို့ မန္တလေးချစ်မြတ်နိုးသူများ ဆုံဆည်းရာ ပရဟိတအဖွဲ့သည် ရန်ကုန်-မန္တလေးလမ်း၊ (၇၈)လမ်း တံခွန်တိုင်ဈေးအရှေ့ဘက် ခန္တွေ့တိုက် မဏိရတနာကျောင်း၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင်ရှိသော ရတနာပန်းခင်း မိဘမဲ့ကလေးများစောင့်ရှောက်ရေးကျောင်းကို သွားရောက်လေ့လာခဲ့ကြပါသည်။

ထိုသို့ သွားရောက်ခဲ့ကြသည့် အကြောင်းမှာ အမှတ်(၂၅) ဘ/က YEC ရတနာ ပန်းခင်း ပရဟိတမိဘမဲ့ကျောင်း (၅)နှစ်ပြည့် အထိမ်းအမှတ် စာသင်ကျောင်းဆောင် ရေစက်ချမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆုပေးပွဲအခမ်းအနားကို ဖိတ်ကြားထား၍ တက်ရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ရတနာပန်းခင်းမိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းမှ ဦးစီးဦးဆောင်တာဝန်ခံ ဆရာတော် ဘဒ္ဒန္တသောဘနနှင့် အကျိုးတော်ဆောင် အဖွဲ့ဝင်များက လှိုက်လှဲပျူငှာစွာ နွေးနွေးထွေးထွေး ကြိုဆိုဧည့်ခံခဲ့ကြပါသည်။ ရတနာပန်းခင်းပရဟိတအသင်းနှင့် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းနှင့် ပတ်သက်သည့် အကြောင်းများကို ပြောဆိုခဲ့ကြသည့်စကားများကို ကြားသိရသည်မှာ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူစရာကောင်းလှပါသည်။ ရတနာပန်းခင်းပရဟိတအသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်မှုများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ အကြောင်း စာ၊ ကဗျာ၊ အလင်္ကာ၊ ဆောင်ပုဒ်များကို လေ့လာမှတ်သားသိရှိခဲ့ရပါသည်။

**YEC**

**YADANAR.PAN.KHIN. EDUCATION. CENTRE**

**ရတနာပန်းခင်းပရဟိတအသင်း**

**ရည်ရွယ်ချက်**

သေပြီးမှ အကူအညီပေးခြင်းထက် မသေခင်ကတည်းက အကူအညီပေးခြင်းသည် ပို၍ ထိရောက်သည်ဟူသော ခံယူချက်ကို နှလုံးမူ၍ လူ့ဘဝရဲ့ သမုဒယတွေကြားမှာ ဘဝဒုက္ခမျိုးစုံကြောင့် ကျနေကြတဲ့ သောကမျက်ရည်တွေကို ကရုဏာလက်များဖြင့် စွမ်းနိုင်သမျှ သုတ်ပေးဖို့ တတ်နိုင်သမျှအကူအညီပေးဖို့ ခိုင်မာသော ဆုံးဖြတ်ချက်တို့ဖြင့် (၁၄-၂-၂၀၁၉)ရက်မှစ၍ စတင်တည်ထောင်ခဲ့ပါသည်။

**သာသနာတော်အတွက် အဓိဋ္ဌာန်**
**ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့**
**စုလောက်ကြိုးကုတ် အားမထုတ်ဘူး**
**ဗုဒ္ဓမြတ်စွာ သာသနာ၏**
**ရှေးခါ ဘိုးဘ လက်ထက်ကလျှင်**
**ရသည့်တန်ခိုး ထက်မညိုးဖို့**
**အားကျိုးမာန်တက် ငါဆောင်ရွက်သည်**
**ဆက်လက်တည်တံ့ပါစေသတည်း**
**(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)**

ရတနာပန်းခင်းပရဟိတအသင်း၏ လုပ်ဆောင်ချက်များ-

**၁။ ပညာရေးထောက်ပံ့သင်ကြားပေးခြင်း။**
**၂။ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း။**
**၃။ ရင်ခွင်မဲ့ကလေးသူငယ်များအား စောင့်ရှောက်ပေးခြင်း။**
**၄။ နွေရာသီအသက်မွေးဝမ်းကြောင်း ပညာသင်တန်းများ သင်ကြားပေးခြင်း။**
**၅။ သဘာဝ ဘေးအန္တရာယ်ကျရောက်နေသော နေရာများသို့ တတ်စွမ်းသမျှထောက်ပံ့လှူဒါန်းပေးခြင်း။**
**၆။ ပရိယတ္တိစာသင်တိုက်များသို့ ထောက်ပံ့လှူဒါန်းပေးခြင်း။**
**၇။ သွေးလှူဒါန်းပေးခြင်း။**

ဤအချက် (၇)ချက်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။

**လှူဒါန်းနိုင်ရာ အဖြာဖြာ**

အာဟာရဒါနပြုလိုပါလျှင်

**နံနက်စာအာဟာရ – ၂၅၀၀၀၀ကျပ်**
**နေ့လယ်စာအာဟာရ – ၃၅၀၀၀၀ကျပ်**
**အဆာပြေအာဟာရ – ၃၀၀၀၀၀ကျပ်**
**ညနေစာအာဟာရ – ၂၅၀၀၀၀ကျပ်**

နို့စို့ကလေးအရွယ်မှ ၁၀တန်း(တက္ကသိုလ်ဝင်တန်း)အရွယ်ထိ ကျား/မ အရွယ်စုံ(၅၀)ကျော် ရှိပါသည်။ အာဟာရဒါန(ထမင်း)အလှူအတွက် အသားဟင်းတစ်မျိုး၊ အရံဟင်းနှစ်မျိုးဖြင့် အရန်သင့် လှူဒါန်းကျွေးမွေးနိုင်ပါရန် ကျောင်းမှ အပြီးအစီး စီမံချက်ပြုတ်ပေးပါသည်။

လစဉ်ကတ်ဖြင့် အလှူတော်ငွေ (၁၀၀၀)ကျပ်မှစ၍ တတ်အားသမျှ လှူဒါန်းနိုင်ပါသည်။ ရတနာပန်းခင်းပရဟိတအသင်း၏ လစဉ်အသင်းဝင်ကြေးမှာ တစ်လလျှင် (၁၀၀၀)ကျပ်သတ်မှတ်ထားသော်လည်း အလှူရှင်တို့ သဒ္ဓါတရားကို ပိတ်ပင်ခြင်းမဖြစ်အောင် မိမိတို့ စွမ်းနိုင်သလောက် လှူဒါန်းနိုင်ပါသည်။

မိမိတို့၏ တစ်လစာဝင်ငွေထဲက အပန်းမကြီးတဲ့ (၁၀၀၀)ကျပ်ဆိုတဲ့ ငွေပမာဏလေးတစ်ခုကို ရတနာပန်းခင်းပရဟိတအသင်းသားများနှင့် လက်တွဲကာ လှူဒါန်းလိုက်မည်ဆိုရင် အမှန်တကယ် အကျိုးများတဲ့ လစဉ်အလှူကြီးတစ်ခုကို သင်ပြုခွင့်ရတော့တာ ဖြစ်ပါသည်။

ရတနာပန်းခင်း၏ မှတ်သားလိုက်နာဖွယ်ရာ စာ၊ ကဗျာ၊ အလင်္ကာရေးသားထားသည်မှာ-

**လူ့ဘဝ**

*** နေရမှာက တစ်ဓာ**
**ဒုက္ခတွေက ထာဝရ**
**စိတ်ညစ်စရာတွေက အနန္တ**
**ပြဿနာတွေက မကြာခဏ**
**အချိန်တန်တော့ သေကြရ။**

*** ဆိုတော့က**
**မသေခင်လေးမှာ**
**အသိဝင် သတိယှဉ်ပြီး**
**ကိုယ့်နောက်ပါမယ့် အလှူဒါန**
**ကုသိုလ်ကောင်းမှုပြုလုပ်ဖို့**
**မသင့်ပေဘူးလား။**

*** မရှိလို့ မလှူ၊ မလှူလို့ မရှိ**
**မရှိလို့ မလှူဘဲနေကြရင်**
**ဘယ်တော့မှ ပြည့်ပြည့်စုံစုံ**
**ရှိလာကြမှာ မဟုတ်တော့ပါဘူး**
**မရှိတဲ့ကြားက မပင်ပန်းသောဒါနဖြင့်**
**ကုသိုလ်ပြုကြမှသာလျှင်**
**ကိုယ့်နောက်ပါမယ့် ရိက္ခာထုပ်ကြီး**
**ထုတ်ပြီးဖြစ်မှာ အမှန်ပါပေ ။ ။**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင် အပ်နှင်း



နေပြည်တော် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တပ်ဆင်အပ်နှင်း**

ဦးစွာ တိုင်းမှူးက လက်နက်များ တပ်ဆင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ၊ ဆုများချီးမြှင့်

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် Helping Hands Club တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲကို ဇွန် ၁၉ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ Ayawaddy Internation School ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး ကျောင်းအုပ်ကြီးက သင်တန်းဆရာများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်၊ ဒုတိယတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်သိန်း၊ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ နည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ထိခိုက်ဒဏ်ရာရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား စာတွေ့ လက်တွေ့ ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲ ဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Aye Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တွင်းလပ်နေ ကျော်အေးလွင်အား နံနက် ၁၀ နာရီခွဲတွင် ချောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၈ ရက်တွင် ပြည်သာအေးကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်




သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာ အနီးတွင် အကြမ်းဖက်သမားများ ခိုအောင်းရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပြည်သာအေးကျေးရွာအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက စတင်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း အကြမ်းဖက်သမားများ အကာအကွယ်ယူပစ်ခတ်ခဲ့သည့် လူနေအိမ်အချို့ကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်မိုင်း ခြောက်လုံး၊ လက်လုပ်ဖုံးသီးငါးလုံးနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆီဆိုင်မြို့နယ်၌ တပ်မတော်နှင့် PNO အဖွဲ့က စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငါးသိန်းကျပ်မှ ရှစ်သိန်းကျပ်အထိ လိုက်လံကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်၌ တပ်မတော်နှင့် PNO အဖွဲ့တို့က ဇွန် ၁၇ ရက်တွင် စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ၅ သိန်းကျပ်မှ ၈ သိန်းကျပ်အထိ လိုက်လံကောက်ခံနေကြောင်း မှန်ကန်မှုမရှိသော သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် PNO အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ ဆီဆိုင်မြို့နယ်အတွင်း မည်သည့်ငွေကြေးမျှ ကောက်ခံခြင်းမရှိဘဲ လုပ်ကြံရေးသားထားသော သတင်းအမှားသာဖြစ်ကြောင်း၊ ဆီဆိုင်မြို့နယ်အတွင်း ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်




နေမှုအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ထုတ်လွှင့် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၂၇၀၀၀၀)ဂါလန်၊ Octane-92(၆၅၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၁၄၀၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

- (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – ၂၅-၆-၂၀၂၄ ရက်
- (ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် – ၂၈-၆-၂၀၂၄ ရက်
- (ဂ) လျှောက်လွှာရောင်းချမည့်နေရာ – ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
- (ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက် – ၈-၇-၂၀၂၄ ရက်
- (င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ – ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၁)
- (စ) တင်ဒါပုံစံဈေးနှုန်းများမှာ –
  - ဒီဇယ်ဆီ ကျပ် ၃၀၀၀၀/-
  - Octane-92 ကျပ် ၁၀၀၀၀/-
  - ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။
၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့်အခွန်အမျိုးအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးကြည် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သီသီ(ဘ)ဦးအိုက်ကို(၁/မညန(နိုင်)၀၀၂၅၀၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Garden City Apartment Complex တိုက်ခန်း၏ တိုက်အမှတ်(၂)၊ (၆)လွှာ၊ အခန်းအမှတ်(၁)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်နှင့်(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (၁) ဦးဘိုဘိုစံ(ဘ)ဦးစံရွှေ(၉/အမဇ(နိုင်)၀၂၂၁၉၆)၊ (၂) ဒေါ်မိုးယမင်းဖြူ(ဘ)ဦးအဗ္ဗဒူရာတင်(ခ) ဦးမိုးလွင်(၉/ခအဇ(နိုင်)၀၃၂၃၂၂) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်၏အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
**ဒေါ်နေခြည်စိုးဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၈၄)**
၅၈လမ်း၊ ၃၀(အေ)လမ်း၊ ယာဉ်ပျံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၅၉၁၄၆၁၆

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့ အ·ထ·က Grade-8 တွင် ပညာသင်ကြားနေသော မောင်မြင့်မြတ်မောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှမြင့်ကြိုင်** ဖြစ်ပါကြောင်း။

**ဦးလှမြင့်ကြိုင် (၉/မထလ(နိုင်)၂၂၅၆၆၉)**

---

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ စာတိုး-အခြေခံပညာမူလတန်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော(ဘ)ဦးအောင်မြင့်ထွန်း(၅/ကသန(နိုင်)၀၆၈၃၀၀)၏ သား မောင်ဘယ်စင်ထွန်း၏ အမည်မှန်မှာ **မောင်စောဘယ်ဇင်ထွန်း** ဖြစ်ပါကြောင်း။

**မောင်စောဘယ်ဇင်ထွန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၄လမ်း၊ ၁၁၅(G)လမ်းထောင့်နေ**

### ဦးမြင့်ဝင်း အသက်(၆၈)နှစ်
### တရားလွှတ်တော်ရှေ့နေ

သည် (၁၉-၆-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၂း၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း…

**ဦးအောင်မြင့်(တရားလွှတ်တော်ရှေ့နေ)၏ ရုံးအဖွဲ့သူ၊ အဖွဲ့သားများ**
**၆၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၄လမ်း၊ ၁၁၅(G)လမ်းထောင့်နေ**

### ဦးမြင့်ဝင်း အသက်(၆၈)နှစ်
### တရားလွှတ်တော်ရှေ့နေ

သည် (၁၉-၆-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေနှင့် ရုံးအဖွဲ့**
**၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ မဟာဓမ္မေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၄လမ်း၊ ၁၁၅(G)လမ်းထောင့်နေ**

### ဦးမြင့်ဝင်း အသက်(၆၈)နှစ်
### တရားလွှတ်တော်ရှေ့နေ

သည် (၁၉-၆-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၂း၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း…

**ဦးစာနည်အောင် + ဒေါ်ခင်ယုယုထွန်း**
**(GI Group Express)မိသားစု၊ မန္တလေးမြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၄လမ်း၊ ၁၁၅(G)လမ်းထောင့်နေ**

### ဦးမြင့်ဝင်း အသက်(၆၈)နှစ်
### တရားလွှတ်တော်ရှေ့နေ

သည် (၁၉-၆-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁၂း၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဆရာကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း တပည့်များမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဆရာဦးမြင့်ဝင်း၏ တပည့်များ–**

| | | | | |
|---|---|---|---|---|
| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇေမင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် |
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**
**၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး(ညံ့တောဈေး)အား ခေတ်မီအဆင့်မြင့် အာစီရိ ၆ ထပ် ဈေးကြီးအဖြစ် တည်ဆောက်သည့်လုပ်ငန်းများ စတင်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဈေးတည်ဆောက်သည့် မင်္ဂလာနေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြင်ဦးလွင် တပ်နယ်မှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တင်ဒါအောင် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်မင်္ဂလာကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင် စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီအတွင်းရှိ အရပ်လေးမျက်နှာ ရွှေမြင်တင် မြတ်စွာဘုရားလေးဆူအား ဖူးမြော်ကြည်ညိုပြီး ဘုရားလေးဆူကို ရွှေသင်္ကန်း ဆက်ကပ်လှူခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ စေတီတော်မြတ်ကြီး ပရဝဏ်အပြင်ဘက်စေတီတော်မြတ်ကြီးသို့ အဝင်နိုင်လွှန်လမ်းခင်းခြင်းနှင့် အဝင်လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများ လိုက်ပါပြီး ပြင်ဦးလွင်မြို့နယ် အတွင်း ရေစီးရေလာကောင်း မွန်ရေး မြို့တွင်းဖြတ်မြောင်းများ၏ အခြေအနေများကိုလည်းကောင်း၊ ဘော်ကျေးရွာအုပ်စု၊ ဘော်ကျေးရွာရှိ ဧက ၂၀၀ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်သို့လည်းကောင်း၊ ပြင်ဦးလွင်မြို့၊ ပိန္နဲကုန်းကျေးရွာသွားလမ်းရှိ ပြင်ဦးလွင်စည်ပင် အမှိုက်ကျင်းနေရာသို့လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## ဆလိုဗေးနီးယားနှင့် ဆားဘီးယားတို့ တစ်ပက်တစ်ဂိုးစီဖြင့် သရေကျ၊ ဒိန်းမတ်နှင့် အင်္ဂလန်လည်း သရေရလဒ်ဖြင့် ရမှတ် ၁မှတ်စီခွဲယူ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဂ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့၊ အရီနာ မြူးနစ်ဘောလုံးကွင်းတွင် ဆလိုဗေးနီးယားအသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။





ယခုပွဲစဉ်တွင် ဆလိုဗေးနီးယားအသင်းက ၄-၄-၂ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဆားဘီးယားအသင်းက ၃-၄-၁-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲစသည်နှင့် ဆလိုဗေးနီးယားအသင်းနှင့် ဆားဘီးယားအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၆မိနစ်တွင် ကျောနံပါတ် ၁၇ ဂျန်မေကာ၏ ပင်နယ်တီဧရိယာအတွင်းမှ ကန်သွင်းမှုကို ဆားဘီးယားဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်မှုကြောင့် ဆလိုဗေးနီးယားတို့ ဦးဆောင်ဂိုး ရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့သည်။ နှစ်သင်းစလုံး ရမှတ်လိုအပ်နေသည့်အသင်းဖြစ်ခြင်းကြောင့် ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။ ပွဲချိန် ၃၂မိနစ်တွင် ဆားဘီးယားတို့ ထောင့်ကန်ဘော ရရှိခဲ့ပြီး အဆိုပါ ထောင့်ကန်ဘောကန်တင်ပေးမှုကို ကျောနံပါတ် ၉ မီထရိုဗစ် အပိုင်ခေါင်းတိုက်သွင်းယူသော်လည်း ဂိုးနှင့်အနည်းငယ် လွဲချော်ခဲ့သည်။ နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့ကြသော်လည်း ဂိုးကံခေမှုများနှင့် လွဲချော်မှုကြောင့် ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်ဖြင့်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဦးဆောင်ဂိုး ရရှိရေးအတွက် နှစ်သင်းစလုံး ပြင်းပြင်းထန်ထန် ကြိုးပမ်းခဲ့ကြပြီး ပွဲချိန် ၆၉မိနစ်တွင် ကာနစ်နစ်က ဆလိုဗေးနီးယားအသင်းအတွက် ဦးဆောင်ဂိုးရယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ဆားဘီးယားအသင်းလည်း လူစားလဲမှုများပြုလုပ်ခဲ့ပြီး ပွဲကို စိုးမိုးလာနိုင်ခဲ့သည်။

စာမျက်နှာ ၇ သို့ ➤